# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၉)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ဆောင်းပါး**

**ကောင်းကင်ပြာ အိပ်မက်နှင့် အနာဂတ်ကြယ်ပွင့်များ**

စာ - ၁၂ သို့

**ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ခုနှစ်မျိုး ရောင်းချပေးမည်**

စာ - ၅ သို့

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO အဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၆၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိသည်၊ ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုင်းဒေသကြီး/ပြည်နယ်များရှိ လက်နက်ကိုင်အကြမ်းဖက် အဖွဲ့အစည်းများနှင့် PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့်နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်း **စာမျက်နှာ ၆ ကော်လံ ၁ ⇨**




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးထံ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများလွှဲပြောင်းအပ်နှံစဉ်။



# မြန်မာအမျိုးသားလေကြောင်း မြိတ်-ထားဝယ်-မြိတ် ခရီးစဉ် ပျံသန်းပြေးဆွဲ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် L-410 လေယာဉ်ငယ်များဖြင့် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကိုအခြေပြု၍ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့သို့လည်းကောင်း ဧပြီလ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ပျံသန်းပြေးဆွဲလျက်ရှိသည်။

**စာမျက်နှာ ၁၅ ကော်လံ ၄ ◆**




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၇ ရက်)

## သဘာဝဘေးကြိုတင်ကာကွယ်ရေးအလေးထား

လူသားတို့အနေဖြင့် နေ့စဉ်လူမှုစီးပွားဘဝများအတွက် ရုန်းကန်လှုပ်ရှားနေရာတွင် မိမိတို့လူမှုပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်စေရေးအတွက် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော မိုးလေဝသသတင်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှထုတ်ပြန်နေသည့် အသိပေးနှိုးဆော်ချက်များ၊ ကျန်းမာရေးဝန်ကြီးဌာန၏အပူဒဏ်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်များကို မပေါ့ဆသောသတိဖြင့် လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည်။ မိမိကျန်းမာရေးကို မိမိကိုယ်တိုင်ဂရုစိုက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့်မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်သည်။ အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပုံမှန်အနေအထားမရှိခြင်းမှာ လူသားတို့၏ ပြုမူလုပ်ဆောင်ချက်များကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံအချို့တွင် သစ်တောများပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်များပျက်စီးခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့်အတူ ကာဗွန်ထုတ်လွှတ်မှုမြင့်မားလာခြင်း၊ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ အပြိုင်အဆိုင်ထုတ်လုပ်ခြင်း၊ စမ်းသပ်ပစ်ခတ်ခြင်း၊ စစ်ပွဲများဖြစ်ပွားခြင်းတို့ကြောင့် ကမ္ဘာ့ရာသီဥတုပူနွေးမှုမြင့်မားလျက်ရှိသည်။ အလွန်အမင်းပူပြင်းခြင်း၊ အလွန်အမင်းအေးစိမ့်ခြင်းတို့မှာ ရာသီဥတုဖောက်ပြန်ခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုသည် ၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာခဲ့သည်။ ၂၀၂၃ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်က ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၄၅ ဒီဂရီစင်တီဂရိတ် ပိုပူလာသည်။ အဓိကအကြောင်းရင်းသည် လူတို့ကြောင့်ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝအတိုင်းဖြစ်လာသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကို ပိုမိုကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရေးအတွက် နိုင်ငံအလိုက် ရာသီဥတုသိပ္ပံဆိုင်ရာခန့်မှန်းချက်၊ အချက်အလက်လုပ်ငန်းစဉ်များနှင့်အတူ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကမ္ဘာကြီး တစ်နေ့တခြား ပူနွေးလာမှုကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို တစ်မျိုးမဟုတ်တစ်မျိုး တွေ့ကြုံခံစားနေကြရသည်ကို တွေ့ရမည်ဖြစ်သည်။ မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ အယ်လ်နီညို၊ လာနီညာဖြစ်စဉ်များဖြစ်ပွားခြင်းစသည့် သဘာဝဘေးဖြစ်စဉ်များ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် လူ့အသိုက်အဝန်းကို ကြီးမားသောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာသည်။ လူသားတို့၏စိတ်နှလုံးကို ပူပန်မှုဖြစ်စေသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို အားလုံးထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်သလို မိုးလေဝသဌာနအသီးသီးမှ နေ့စဉ်စောင့်ကြည့်တိုင်းတာပေးပြီး ထုတ်ပြန်လျက်ရှိသောမိုးလေဝသသတင်းများကို စောင့်ကြည့်လေ့လာကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများနှင့်ပတ်သက်၍ သာမန်အနေဖြင့်သာ သိရှိနေကြသော်လည်း မျက်မှောက်ကာလတွင် ကမ္ဘာကြီးပူနွေးလာမှု သိသာထင်ရှားစွာဖြစ်ပေါ်လျက်ရှိသဖြင့် မိုးရွာသွန်းခြင်း၊ နေပူပြင်းခြင်းမှအစ မိုးလေဝသသတင်းများ၏ ထူးခြားသောဖြစ်စဉ်များကို သတိပြုကြရမည်ဖြစ်သည်။

စံချိန်တင်မြင့်တက်နေသော ဖန်လုံအိမ်ဓာတ်ငွေ့များစုဝေးနေသည့် လေထုအတွင်း အပူစွမ်းအင်များကြောင့် မိုးလေဝသအခြေအနေများမှာ ပုံမှန်မဖြစ်တော့ဘဲ ပိုမိုပြင်းထန်လာသည်။ သမုဒ္ဒရာအပူချိန်များလည်း စံချိန်တင်မြင့်မားလာပြီး ရာစုနှစ်နှင့်ချီ၍ ဆက်လက်ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရန်အတွက် လေထုအတွင်း အပူကိုထိန်းထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့များကို သိသိသာသာလျှော့ချရန် လိုအပ်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို တဖြည်းဖြည်းရပ်တန့်ရန်နှင့် သန့်ရှင်းသည့်စွမ်းအင်အရင်းအမြစ်များ ပြောင်းလဲသုံးစွဲရန် လိုအပ်လာနေပြီဖြစ်သည်။ ဤသည်မှာ လူသားအားလုံးဂရုပြုရမည့်အခြေအနေဖြစ်သည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် "သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့"ဆောင်ပုဒ်နှင့်အညီ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသော ရာသီဥတုဆိုင်ရာစောင့်ကြည့်လေ့လာ၊ ခန့်မှန်းသုံးသပ်ချက်၊ အသိပေးချက်၊ သတိပေးချက်များအတိုင်း အလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## စလင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

စလင်း ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြေမိကုန်းရပ်ကွက်ရှိ ရှင်ပင်ကမ္ဘာအေးပြည်လုံးချမ်းသာဘုရားအာရုံခံဘုရားတန်ဆောင်းအတွင်း၌ ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာစာရေးများက အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ်လိုသည့် ကျောင်းသား၊ ကျောင်းသူများအား လိုအပ်သည့်အချက်အလက်၊ အထောက်အထားများဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစည်သူလွင်တို့က ကြည့်ရှုအားပေးပြီး ပြည်သူ့လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်နိုင်ရေး လိုအပ်သည်များမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၂၆(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၀။ | ၁၂:၄၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | ၁၁။ | ၁၃:၂၅ | အမှတ်တရနေ့ရက်များ |
| ၃။ | ၀၇:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၂။ | ၁၄:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| | | | ၁၃။ | ၁၄:၁၅ | နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ |
| ၄။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား | | | |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၄။ | ၁၅:၃၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၆။ | ၀၈:၄၅ | သီချင်းလက်ဆောင် | ၁၅။ | ၁၉:၀၀ | **CGTN NATURE (11)** |
| ၇။ | ၀၉:၄၅ | တွေးမယ်ဖြေမယ် | ၁၆။ | **ည ၈ နာရီ သတင်း** | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၈။ | ၁၁:၁၀ | ကမ္ဘာ့ရေးရာ မှတ်သားစရာ | | | |
| ၉။ | ၁၂:၁၅ | လေးစားအတုယူ စံနမူနာသူရဲကောင်းများ | ၁၇။ | **အပြီး** | မျှဝေဆွေးနွေး အနာဂတ်အရေး |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များက ပြည်တွင်းပြည်ပဘုရားဖူးညေ့်သည် ၆၇၀၀၀ ကျော် လာရောက်ဖူးမြော်



ကျိုက်ထို ဧပြီ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပြီးခဲ့သည့် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များက ပြည်တွင်း၊ ပြည်ပဘုရားဖူးညေ့်သည် ၆၇၀၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ထိုသို့ လာရောက်ဖူးမြော်ခဲ့ကြသော ပြည်တွင်းဘုရားဖူးများတွင် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့မှ အများဆုံးဖြစ်ပြီး တခြားသောအနယ်နယ်အရပ်ရပ်မှလည်း အများအပြားလာရောက်ကြကာ ပြည်ပဘုရားဖူးများတွင် ထိုင်းနိုင်ငံမှ အများဆုံးဖြစ်သည်။

"ဘုရားဖူးတွေ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်စေဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေအတွက်ပါ စီစဉ်ပေးထားပါတယ်။ တောင်တက်ကား ၁၅၂ စီးကိုလည်း နေ့စဉ် နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ အလှည့်ကျပြေးဆွဲပေးနေပါတယ်" ဟု ၎င်းကပြောသည်။

ယခုအခါ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ကြသော ဘုရားဖူးများ အခမဲ့တည်းခိုနိုင်စေရန် ရင်ပြင်တော်ပေါ်နှင့် အနီးဝန်းကျင်ရှိ ဓမ္မာရုံများ၌ နေရာများစီစဉ်ပေးထားကြောင်း၊ ထို့ပြင် ထမင်းဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဘုရားဖူးများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် တောင်တက်ကားများကို ကြံ့ခိုင်ရေး အမြဲမပြတ်စစ်ဆေးဆောင်ရွက်လျက်ရှိသကဲ့သို့ ခရီးသွားပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ဘုရားရင်ပြင်တော်ပေါ်၌ ကျန်းမာရေးဆေးခန်းတစ်ခု ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**ဆောင်းဦး**

# သီပေါမြို့နယ် ကျေးရွာသုံးရွာ၌ ကုန်ထုတ်လမ်းနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်မည်

သီပေါ ဧပြီ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာ၌ ကုန်ထုတ်လမ်းနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ဧပြီလ ၂၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူအောင်၊ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဆောင်နှင့် တာဝန်ရှိသူများက ကျင်သီကျေးရွာ၌ ကုန်ထုတ်လမ်း ၁ မိုင် ဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေများကို တိုင်းတာစစ်ဆေးသည်။

ထို့နောက် ကွန်ကျောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း ၁ မိုင် ၄ ဖာလုံ လုပ်ငန်းကိုလည်းကောင်း၊ နားမုံကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း ၂ မိုင် ၄ ဖာလုံ လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော မြေပဲဧကေ ၂၅၀၀ ကျော် နုတ်သိမ်းပြီးစီး

မြောင်းမြ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော မြေပဲဧကေ ၂၅၀၀ ကျော်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ၂၅၃၅ ဧကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သောမြေပဲများကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကေအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကေလျှင် ၆၁ ဒသမ ၄၅ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

''မြောင်းမြမြို့နယ်အနေနဲ့ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၅၃၅ ဧကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧကေအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းပြီးဖြစ်တဲ့မြေပဲတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလည်းကောင်းပါတယ်။ အခုနုတ်သိမ်းခဲ့တဲ့ မြေပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံအားလုံး အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

# သဲကုန်းမြို့နယ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

သဲကုန်း ဧပြီ ၂၆


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကြက်ခြေနီအသင်း(ခွဲ)နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကြက်ခြေနီရှေးဦးပြုစုခြင်းအခြေခံသင်တန်း (၁/၂၀၂၆)ကို ဧပြီလ ၂၅ ရက်က အခြေခံပညာအထက်တန်းကျောင်း (ပုတီးကုန်း)၌ ဖွင့်လှစ်သည်။

ယင်းသင်တန်းကို ရှေးဦးပြုစုခြင်းအတတ်ပညာသင်တန်းများမှတစ်ဆင့် ကြိုတင်ပြင်ဆင်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ စီမံခန့်ခွဲမှုများ၊ စွမ်းဆောင်ရည်များ၊ လုပ်ငန်းဖော်ဆောင်မှုများနှင့် လိုအပ်သည်များကို မတူကွဲပြားသောအခြေအနေများအတွက် စီမံဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ဧပြီလ၂၅ ရက်မှ၂၇ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား ၃၅ ဦး တက်ရောက်၍ သင်တန်းနည်းပြခုနစ်ဦးက ရှေးဦးပြုစုခြင်း၊ အခြေခံလူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာရှေးဦးပြုစုနည်း၊ ဒဏ်ရာများမှသွေးယိုစီးခြင်းများ၊ သွေးဆုတ်သွေးလန့်ခြင်းမှမူးမေ့ခြင်း၊ သတိလစ်ခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ အဆိပ်မိခြင်း၊ သတ္တဝါများကိုက်ခြင်း၊ တုတ်ခြင်း၊ အရိုးကျိုးခြင်းများအကြောင်းနှင့် အခြေခံအသက်ကယ်အထောက်အကူပြုနည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

## မြဝတီ ကာတွန်း



# ကမ္မဖလ

တင့်တယ်

"ပုလိပ်အရာရှိတို့သည် ကျွန်ုပ် ရုတ်တရက် ဦးနှောက်ပျက်၍ ရူးသွပ်သွားလေပြီဟုထင်ကြ၏။ မထင်ဘဲလည်း နေနိုင်ကြမည်မဟုတ်၊ တရားခွင်မှအဆင်း ရုံးလှေကားတစ်လျှောက်လုံး၌ ကျွန်ုပ်မှာ ဆက်တိုက်ကြီးသာလျှင် တဟားဟား ရယ်မောနေမိ၏။ ထောင်ကားပေါ်သို့ရောက်၍ ပုလိပ်အစောင့်နှစ်ယောက်ဘေးမှ ခြံရံကာ စီးနင်းလိုက်ပါရစဉ်၌လည်း ကျွန်ုပ်မှာ ရယ်မော၍ကောင်းတုန်းပင် ... ထောင်ကြီးဘူးဝသို့ရောက်ခါမှ အတန်ကလေးဆည်နိုင်၏။ သို့သော်လည်း ပါးစပ်မှာ မပြုံးဘဲနေလို့ကိုမရ၊ ထောင်ဘူးဝမှ ကြိုးတိုက်အထိ တပြုံးပြုံးဖြစ်ကာ လိုက်ပါလာခဲ့၏။ ကြိုးတိုက်ထဲသို့ ရောက်သောအခါမှာမူ အပြုံးရပ်နိုင်လေတော့သည် ..."

**ရယ်စရာ**

"ဟား...ဟား....ဟား..."

ကျွန်ုပ်သည် ဤကဲ့သို့အော်ဟစ်၍ အားရပါးရ ရယ်လိုက်မိ၏။ ရယ်လိုက်မိသည်မှာ သာမန်သူလိုငါလို ရယ်မိခြင်းမျိုးမဟုတ်၊ အသည်းနှလုံးကြားတွင် ယားကျိကျိနိုင်လှသဖြင့် မအောင့်နိုင် မအည်းနိုင်ဖြစ်လျက် တစ်ကိုယ်လုံး သွက်သွက်ခါသွားအောင် အူလှိုက်သည်းလှိုက် ရှေ့ငိုက်နောက်ငင် မျက်ရည်များပင် ထွက်လာအောင် ရယ်ပစ်လိုက်မိခြင်းဖြစ်၏။ မရယ်မိဘဲ မည်သို့နေနိုင်ပါမည်နည်း...ကျွန်ုပ် မရယ်ဘဲ မနေနိုင်တော့....ကျွန်ုပ်အား ထိုသို့ အားရပါးရရယ်မိအောင် ဖန်တီးလိုက်သည်မှာကား ကျွန်ုပ်အား ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ကို သတ်ဖြတ်မှုဖြင့် ရုံးတင်စစ်ဆေးရာတွင် ဂျူရီလူကြီးတို့က အပြစ်ထင်ရှားသည်ဟု တညီတညွတ်တည်း ယူဆကြသဖြင့် စက်ရှင်တရားသူကြီးမင်းက ကျွန်ုပ် သူဌေးဦးကံကောင်းကို "မသေမချင်း လည်ပင်း၌ ကြိုးကွင်းတပ်၍ သတ်စေ" ဟူသော သေစားသေစေကြိုးမိန့်ကို ပေးလိုက်သောကြောင့်ဖြစ်ပေသည်။

ကြိုးမိန့်ပေးခြင်းကို ခံရသည့်အခါ၌ ကျွန်ုပ်တွင် သေချင်ပက်ကျိအူတက်မတတ် ရယ်ချင်မိသည်ဟု ယခု ရေးသားလိုက်သည့်အတွက် ကျွန်ုပ် ယခုရေးသားသော ဤဖြစ်စဉ်မှတ်တမ်းကို ဖတ်ရှုရသူ၏ အဖို့တွင် အတော်ကြီးထူးဆန်းသွားပေလိမ့်မည်။ ကျွန်ုပ်အား ရူးသွပ်သောလူတစ်ယောက်ဟုလည်း ထင်ကောင်းထင်ပေလိမ့်မည်။ သို့ထင်မိမည်ကား ဓမ္မတာပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် သူဌေးဦးကံကောင်းအား တရားစီရင်ရာဖြစ်သော ရုံးခွင်၌ပင်လျှင် လာရောက်နားထောင်ကြသော သူတို့နှင့်တကွ ပုလိပ်အရာရှိကြီးငယ်၊ ရှေ့နေရှေ့ရပ်တို့အပြင် လူသတ်မှုပေါင်းများစွာတို့ကို စစ်ဆေးစီရင်ခဲ့ဖူးသူ စက်ရှင်တရားသူကြီးမင်းကိုယ်တိုင်ကပင်လျှင် ကြိုးမိန့်အကျ၌ ကျွန်ုပ် ကျယ်လောင်စွာအော်ဟစ် ရယ်မောလိုက်မိသောအခါတွင် ကျွန်ုပ်အား...ကြောက်အားလန့်အား သွေးရူးသွေးတန်းဖြင့် ရူးသွပ်သွားလေပြီဟု အားလုံးက ထင်မှတ်ကြပေသည်။

စင်စစ်၌ကား ကျွန်ုပ်သည် ထို သေစားသေစေစီရင်ချက်အကျတွင် ကြောက်ရမှန်းလည်းမသိ၊ လန့်ရမှန်းလည်းမသိ၊ အူတက်မတတ်သာ ရယ်ချင်လေတော့သည်။ "ဩော် ဖြစ်ရပလေ...ငါ့နှယ်..." ဟုတွေးကာ ထပ်၍ထပ်၍သာရယ်မိ၏။ လူပြက်ကောင်းတစ်ယောက်၏ ပြက်လုံးကို နားထောင်ခဲ့ရာမှ ပွဲကအပြန် အိပ်ရာအဝင်တွင် ပြက်လုံးကိုတွေးကာ တစ်ယောက်တည်းအခြောက်တိုက် ရယ်မိတတ်ကြသလို၊ ကျွန်ုပ်မှာလည်း ဖြစ်ရပုံတွေကိုသာ ကိုယ့်ဘာသာကိုယ် ကျိတ်၍တွေးရင်း အတောမသတ်နိုင်အောင် ရယ်နေမိ၏။ ကျွန်ုပ် ဤသို့ရယ်နေသောအခါ ရုံးခန်းကြီးတစ်ခုလုံး ကြက်သေသေ၍ ကြောင်တောင်ကြီးငေးကာ ကျွန်ုပ်အား မျက်လုံးအပြူးသား ဝိုင်းကြည့်နေကြ၏။ ထို့နောက် မကြာမီပင် ပုလိပ်အရာရှိတို့က ကျွန်ုပ်အား တရားခံဝက်ခြံအတွင်းမှ တွဲထုတ်ကြပြီးလျှင် ရုံးလှေကားမှဆင်းခဲ့၍ ထောင်ကားနက်ကြီး၌တင်ကာ ထောင်ကြီးသို့ ခေါ်ဆောင်ခဲ့ကြပေသည်။

ပုလိပ်အရာရှိတို့သည် ကျွန်ုပ် ရုတ်တရက် ဦးနှောက်ပျက်၍ ရူးသွပ်သွားလေပြီဟုထင်ကြ၏။ မထင်ဘဲလည်း နေနိုင်ကြမည်မဟုတ်၊ တရားခွင်မှအဆင်း ရုံးလှေကားတစ်လျှောက်လုံး၌ ကျွန်ုပ်မှာ ဆက်တိုက်ကြီးသာလျှင် တဟားဟား ရယ်မောနေမိ၏။ ထောင်ကားပေါ်သို့ရောက်၍ ပုလိပ်အစောင့်နှစ်ယောက်ဘေးမှခြံရံကာ စီးနင်းလိုက်ပါရစဉ်၌လည်း ကျွန်ုပ်မှာ ရယ်မော၍ကောင်းတုန်းပင် ... ထောင်ကြီးဘူးဝသို့ရောက်ခါမှ အတန်ကလေးဆည်နိုင်၏။ သို့သော်လည်း ပါးစပ်မှာ မပြုံးဘဲ နေလို့ကိုမရ၊ ထောင်ဘူးဝမှ ကြိုးတိုက်အထိ တပြုံးပြုံးဖြစ်ကာ လိုက်ပါလာခဲ့၏။ ကြိုးတိုက်ထဲသို့ ရောက်သောအခါမှာမူ အပြုံးရပ်နိုင်လေတော့သည်။

ဤသို့ တပြုံးပြုံးနှင့် ကျွန်ုပ်တွင် ပျော်မဆုံးသည့်သဏ္ဌာန် ပေါ်ပေါက်နေသောကြောင့် ထောင်မှူးလေးသည် ထောင်မှူးကြီးထံ အကြောင်းကြား၏။ ထောင်မှူးကြီးကား ဆရာဝန်ကြီးဖြစ်လေရာ ချက်ချင်းပင် ကျွန်ုပ်အားစစ်ဆေးရန် ရောက်လာ၏။ ထောင်မှူးကြီးလာသောအခါ ကျွန်ုပ်မှာ ပို၍ရယ်ချင်လာပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကား ရူးသူမဟုတ် ကိုယ့်ဖြစ်စဉ်ကို ကိုယ်တွေးကာသာလျှင် ရယ်ချင်နေမိသူဖြစ်လေရာ ရယ်မိလေလေ ထောင်အရာရှိတို့က ရူးသည်ဟု ထင်လေလေဖြစ်နေသည်မှာ ပို၍ပို၍သာ ရယ်စရာကောင်းနေ၏။ သူတို့အထင်အမြင်ပါ စင်အောင်လွဲနေကြပုံကို ကျွန်ုပ် ရယ်နေစဉ်ပင် ထောင်မှူးကြီးရောက်လာပြီးလျှင် ကျွန်ုပ်၏ နှလုံးသွေးခုန်ပုံကို နားထောင်၏။ လက်ကိုကိုင်၍ သွေးတိုးစမ်း၏။ ဤအခိုက်တွင် ကျွန်ုပ်မှာ တခိခိဖြစ်နေမိ၏။ ပြီးမှ ကလေးကို အတန်ဆည်ရကာ..."ထိုင်ပါခင်ဗျာ... ကျွန်တော့်အတွက် မပူပါနဲ့" ဟုပြောကာ နေရာပေးလိုက်ရ၏။

ထောင်မှူးကြီးသည် ကျွန်ုပ်အား ခပ်ကြောင်ကြောင်ကြည့်နေ၏။ အချိန်မှန်နေသော ကျွန်ုပ်၏ နှလုံးခုန်သံနှင့် သွေးတိုးချက်တို့ကို မယုံနိုင်ဖြစ်နေဟန်တူ၏။ ကျွန်ုပ် ရူးနေပြီဟူသော သူ၏သံသယလည်း မပျောက်သေးပေ။ သို့နှင့် ထောင်မှူးကြီးက စကားစ၍ပြောရင်း မေးခွန်းတွေ မသိမသာမေး၏။ စင်စစ်မှာ ကျွန်ုပ်၏စိတ် မှုမှန်၊ မမှန်ကို စစ်ဆေးခြင်းဖြစ်ပေသည်။ ကျွန်ုပ်လည်း သူ့မေးခွန်းများကို ကလေးခိုင်မြဲစွာထားလျက် တည်တံ့စွာဖြေဆိုရင်း အာလာပသလ္လာပသဘော အတော်ကြာစကားပြောလိုက်မှ ထောင်မှူးလည်း ကျွန်ုပ် မရူးကြောင်းကို တစ်ထစ်ချယုံကြည်သွားပြီးလျှင် "ကဲ...ကျွန်တော် သွားဦးမယ် ဦးကံကောင်း၊ စိတ်မလျှော့ပါနဲ့လေ...အယူခံရက်ကချည့် ရက်ပေါင်းလေးဆယ် သတ်သတ်ရှိသေးတယ်။ အယူခံနေတုန်းအတွက် ရက်တွေလည်း တစ်ပြုံကြီး၊ ပြီးတော့ သမ္မတကြီးဆီကိုတောင် အသနားခံစာတင်နိုင်သေးတာကပဲဗျာ၊ အားမလျှော့ပါနဲ့၊ ကျွန်တော် စွမ်းဆောင်နိုင်တဲ့ အကူအညီရှိရင်လည်း အားမနာပါနဲ့ ပြောပါနော်" ဟု ပြော၏။ ကျွန်ုပ်လည်း ကျွန်ုပ် ယခုမှရောက်ရသော ကြိုးတိုက်ခန်းကို ကြည့်ကာ ..."အခုတော့ ဘာအကူအညီမှ မလိုသေးပါဘူး။ နောက် လိုတော့ပြောပါ့မယ်၊ ကျေးဇူးပါပဲ။ ဂွတ်ဘိုင်" ဟု ကိုယ့်အိမ်ကဧည့်သည်အပြန်တွင် ဗိုလ်ဆန်ဆန် နှုတ်ဆက်သလို နှုတ်ဆက်လိုက်ရ၏။

ထောင်အရာရှိတို့ ထွက်သွားကြ၍ ကျွန်ုပ်အား ထားသော ကြိုးတိုက်ခန်းတံခါး သော့ပိတ်သံများငြိမ်သက်သွားသောအခါတွင်မှ ကျွန်ုပ်သည် ကြိုးတိုက်ခန်းတွင်း၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီးလျှင် အခန်းသစ်ဖြစ်သော ကြိုးတိုက်ကို လှည့်၍ကြည့်ရင်း...ကျွန်ုပ်၏လည်ပင်း၌ ကြိုးကွင်းကြီးစွပ်မိနေသည့်အဖြစ်ကို တွေးမိကာ ကြက်သီးမွေးညင်းထလျက် ခေါင်းနားပန်းကြီးသွားမိ၏။

သို့သော် ဖိန်းခနဲစိမ့်၍ ကြက်သီးထသွားကာ ကြိုးကွင်းကြီးကို မြင်ယောင်နေသည့်အထဲကပင် ကျွန်ုပ်၏ပါးစပ်မှ "ဟက်" ခနဲ ရယ်သံတစ်လုံး လွတ်ကျသွားမိပြန်လေသည်။ "ဩော်...ဖြစ်ရပုံများနှယ်" ဟု ကိုယ့်ဘာသာကိုယ် တီးတိုးပြောမိရင်း ... တစ်ယောက်တည်း အခြောက်တိုက်ပြုံးမိပြန်လေသည်။ မပြုံးမိဘဲ နေနိုင်ပါရိုးလား။

လောကကြီးသည် တကယ်ပင် ရယ်စရာကောင်း၏။ ကံတရားသည်လည်း အလွန်ပင် ရယ်စရာကောင်း၏။ လောကကြီးအတွင်း၌ ရောက်နေရသော ကျွန်ုပ်မှာ ကံတရား၏လှည့်စားချက်ကို ခံရသောကြောင့် ကိုယ့်အဖြစ်ကို ကိုယ်တွေးမိတိုင်း ရယ်မိခြင်းဖြစ်ပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး

မအူပင် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာအုပ်စု အိုင်ဝိုင်းကျေးရွာရှိ မေတ္တာရှင်ပရဟိတကျောင်း၌ ဧပြီလ ၂၅ ရက်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ အသိပညာ ဗဟုသုတပြည့်ဝစေသည့် စာပေအကြောင်းအရာများ၊ အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များနှင့် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက လိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

---

## သုံးခွမြို့နယ် ရှစ်မျက်နှာစေတီ၌ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် အမှတ် (၄) ရပ်ကွက် မြို့ကျက်သရေဆောင် ရှစ်မျက်နှာစေတီတော် ရှစ်ကျိပ်တစ်ဆူဘုရား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ကဆုန်ညောင်ရေသွန်းပွဲကို ဧပြီလ ၃၀ ရက် (ကဆုန်လပြည့်နေ့) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကဆုန်လပြည့်နေ့ မွန်းလွဲ ၂ နာရီတွင် ရှစ်ကျိပ်တစ်ဆူဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်များအား မြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ ဒေသစာရီလှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

ထို့ပြင် သိုက်တူးကန်ကျေးရွာအုပ်စု (ရဲနွဲ့တာအနီး) ဘိုးဘွားရိပ်သာ၊ အမှတ် (၅) ရပ်ကွက် ဝိဇ္ဇောဒယဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အမှတ်(၇) ရပ်ကွက် လေးကျွန်းမာရ်အောင်စေတီတော်၊ အမှတ် (၉) ရပ်ကွက် ဝဲပြန်ကျောင်းတိုက်နှင့် အမှတ် (၂) ရပ်ကွက် မဟာဗောဓိစာသင်တိုက်တို့ရှိ မဟာဗောဓိညောင်ပင်တို့တွင် အတာရေအိုးများဖြင့် ညောင်ရေသွန်းလောင်းပူဇော်ကြမည်ဖြစ်သည်။

လမ်းတစ်လျှောက်တွင် ဘုရားလှည့်လည်သည့်အဖွဲ့များ၊ ညောင်ရေသွန်းလောင်းပူဇော်သည့်အဖွဲ့များအား စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းနှင့် အလှူငွေများလှူဒါန်းခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၂၆

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဝန်ကြီးဌာနမှ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့်အတူ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေအတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတွင် ပါဠိ/မြန်မာ/ရိုမန်/ အင်္ဂလိပ်စာသားများ ရေးသားထွင်းထုပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ရေရှည်တည်တံ့စွာ ထိန်းသိမ်းသွားရန်၊ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ရန်မှာကြားခဲ့ပြီး စည်တော်စင် ဆောက်လုပ်ထားရှိရာနေရာ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်၊ ကျမ်းစာအုပ်အရောင်းဆိုင်နှင့် ပိဋကသုံးပုံတင်ဆောင်မည့် ဆင်တက်လှေကားတပ်ဆင်ထားရှိမှုနှင့် ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက် လက်ယာဘက် အဝင် နိုင်လွန်ကတ္တရာလမ်းခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ အလယ်သံဃာစင်အတွင်း ဆရာတော်ကြီးများ သီတင်းသုံးမည့်ကနုတ်ခုံများခင်းကျင်းထားရှိမှု၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေသံဃာစင် ပြုလုပ်ထားမှု၊ အလယ်သံဃာစင်ထိပ်ရှိ ဘုရားကျောင်းဆောင် ခင်းကျင်းထားရှိမှု၊ သဝဏ်လွှာနှင့် စာတမ်းဖတ်စင်များ၊ အခမ်းအနားမှူးစင်များနှင့် အခမ်းအနားပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားဖွင့်စက်ခလုတ်နှိပ်မည့်နေရာ ခင်းကျင်းမှု၊ ပြကွက် ၁၁ ခု ခင်းကျင်းထားရှိမည့်နေရာ တစ်လျှောက်တွင် Light Box များ တပ်ဆင်ခြင်း၊ ထည့်သွင်းပြသမည့်ပုံများ၊ LED Board များ၊ ကော်ဇောခင်းခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပိဋကပြတိုက်အတွင်းရှိ ဘဲဥပုံစံရေကန် ဆေးသုတ်ခြင်း၊ ရေလဲလှယ်ခြင်းများ၊ ပိဋကတ်ပြတိုက်လက်ဝဲ/လက်ယာဘက်ခြမ်းရှိ မော်ကွန်းကျောက်စာ ရှင်းလင်းထားရှိမှုအခြေအနေများနှင့် ဗုဒ္ဓယဉ်ကျေးမှုပြတိုက်အတွင်း ရှေးဟောင်းဘုရားများ ဖူးမြော်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် ဖွားဖက်တော်များဖြစ်သော ဥတ္တရကုရုကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင်၊ ဇမ္ဗူဒီပကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်တို့သို့ရောက်ရှိပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်လာမည့် ဆရာတော်ကြီးများ သီတင်းသုံးမည့်အခြေအနေကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းပြသရာ လိုအပ်သည်များမှာကြားသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေးသံဃာ့ဆေးရုံကြီးသို့ ရောက်ရှိပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ ဆရာတော်ကြီးများ အရေးပေါ်ဆေးကုသမှု ပြုနိုင်ရေးအတွက် ဆေးရုံအတွင်း/အပြင် သန့်ရှင်းစေရေး၊ သိမ်တော်ကြီးအတွင်း သန့်ရှင်းစေရေးတို့ မှာကြားသည်။

ယင်းနောက် ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ရောက်ရှိပြီး ကျမ်းစာအုပ်များ၊ တရားစာအုပ်များရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သာသနာတော်အတွက်အကျိုးပြုကျမ်းစာအုပ်များ အချိန်မီရိုက်နှိပ်ထုတ်ဝေနိုင်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဟာသိမ်တော်ကြီးသို့ရောက်ရှိခဲ့ပြီး သိမ်တော်ကြီးအတွင်း ငှက်များဝင်ရောက်ခြင်းမရှိစေရန်၊ ခိုချေးများကင်းရှင်းစေရေးအတွက် အမြဲမပြတ်သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ရောက်ရှိကာ ကျမ်းစာအုပ်များ၊ တရားစာအုပ်များ၊ အန္တရာယ်ကင်းဘုရားရှိခိုးစာအုပ်စသည်များရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဘာသာသာသနာအတွက် အကျိုးပြုကျမ်းစာအုပ်များ အချိန်မီရိုက်နှိပ်ထုတ်ဝေနိုင်ရေး မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်)အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်ခုနစ်မျိုး ရောင်းချပေးမည်























နေပြည်တော် ဧပြီ ၂၆

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် သာသနာရေးဝန်ကြီးဌာနမှအတည်ပြုထားသည့် ဓာတ်ပုံဒီဇိုင်း ဦးအောင်ဇော်မြတ်(ကျော့သီသ) ဒီဇိုင်းရေးဆွဲထားသော **(၂၀၀ ကျပ်တန်) အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ် ခုနစ်မျိုးကို **၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့) နံနက် ၉နာရီခွဲ**မှစတင်၍ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာမင်္ဂလာအခမ်းအနား၏ အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်နှင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဧပြီလ ၃၀ ရက်** တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

⇨ ရှေ့ဖုံးမှအဆက်

များကြောင့် ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ဆံဖျားတာဝန်ထမ်းဆောင်နေကြသည့်တပ်မတော်သားများကိုဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် နီးစပ်ရာတပ်စခန်းများရှိတာဝန်ရှိသူများထံသတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက အသီးသီးကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိသံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် ပစ္စတိုသေနတ် ၃ လက်၊ Type-81 သေနတ် ၁၄ လက်၊ M-16 သေနတ် ၄ လက်၊ M-22 သေနတ် ၄ လက်၊ M-79 သေနတ် ၂ လက်၊ MA-11 သေနတ် ၂ လက်၊ ကာဘိုင်သေနတ် ၁ လက်၊ ကျည်အိမ်မျိုးစုံ ၄၂ ခု၊ ကျည်မျိုးစုံ ၂၂၁၉ တောင့်၊ မိုင်းမျိုးစုံ ၃ လုံး၊ လက်ပစ်ဗုံး ၁၅ လုံး၊ ဒီတိုနေတာ ၁၃ ခုနှင့်စကားပြောစက် ၂ လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပစ္စတိုသေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀ နှုန်းဖြင့် ၃ လက်အတွက် သိန်း ၆၀ ကျပ်၊ မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ၂၇ လက်



ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

အတွက် သိန်း ၁၃၅၀ ကျပ်၊ လက်ပစ်ဗုံးတစ်လုံးစီအတွက် ဆုကြေးငွေကျပ် ၃ သိန်းနှုန်းဖြင့် ၁၅ လုံးအတွက် ၄၅ သိန်းကျပ်၊ မိုင်းတစ်လုံးအတွက် ၃ သိန်းနှုန်းဖြင့် ၃ လုံးအတွက် ၉ သိန်းကျပ်၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် ၂ သိန်းနှုန်းဖြင့် ၂ လုံးအတွက် ၄ သိန်းကျပ်နှင့် အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင်ငွေကျပ် ၁ သိန်းနှုန်းဖြင့် ၆၁ ဦးအတွက် ၆၁ သိန်းကျပ် စုစုပေါင်းငွေကျပ်သိန်း ၁၅၂၉ ကျပ်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများအား ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှအပ်နှံထားသော လက်နက်ခဲယမ်းများအားကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်မှ အမျိုးသား ၂ ဦး၊ ညောင်ရွှေမြို့နယ်မှ အမျိုးသား ၁ ဦး၊ ဆီဆိုင်မြို့နယ်မှ အမျိုးသား ၃၀ ဦး၊ ပင်လောင်းမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား ၁၀ ဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသား ၆ ဦး၊ စုစုပေါင်း PNLO အဖွဲ့ဝင် အမျိုးသား ၆၁ ဦး ဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ဧပြီလ ၂၄ ရက်နေ့တွင်လည်း



နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်တပ်မတော်၏သဘောထားအမှန်တို့ကို သိရှိနားလည်သဘောပေါက်လာကြသည့် KIA ၊ AA ၊ PLA အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံအဖွဲ့အစည်းအသီးသီးမှအဖွဲ့ဝင်အမျိုးသား ၄၇၀ ဦးနှင့် အမျိုးသမီး ၄၇ ဦး၊ ပေါင်း ၅၁၇ ဦးတို့သည်လည်း လက်နက်ကိုင်လမ်းစဉ်များကိုစွန့်လွှတ်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌အလင်းဝင်ရောက်ခဲ့ကြကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် လက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့်



လက်နက်/ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်ကတော့ ပင်လောင်းမြို့နယ်ကပါ။ PNLO အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်ရောက်ခဲ့သူတစ်ယောက်ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ PNLO အဖွဲ့ကို ဝင်ရောက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ PNLO အဖွဲ့မှခွန်တန်(ခ) ဆလိုက်ရဲ့စည်းရုံးခေါ်ဆိုမှုကြောင့် PNLO အဖွဲ့ကိုဝင်ရောက်ခဲ့ပြီး ဆီဆိုင်မြို့နယ် ဗန်းမတ်ကျေးရွာမှာ လှုပ်ရှားခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့ထဲ ရောက်ရှိခဲ့ချိန်မှာတော့ အကြမ်းဖက်အဖွဲ့ဝင်အချင်းချင်း ကြီးနိုင်ငယ်ညှဉ်းအုပ်ချုပ်ခံခဲ့ရတာ၊ အနေအထိုင် အစားအသောက် အရမ်းခက်ခဲကျပ်တည်းခဲ့ရတာတွေအပြင် ၂၀၂၆ ခုနှစ်မှာ ဆီဆိုင်မြို့နယ်ဗန်းမတ်ကျေးရွာကို PNO အဖွဲ့က နယ်မြေရှင်းလင်းဝင်ရောက်ခဲ့တဲ့အတွက်ထီတဖြေကျေးရွာဘက်မှာကျွန်တော်တို့ဆုတ်ခွာထွက်ပြေးခဲ့ရတယ်။ PNLO အကြမ်းဖက်အဖွဲ့မှာ ဆက်နေခဲ့ရင် အသက်သေဆုံးနိုင်ပြီး မသေလျှင်လည်း အဖမ်းခံရနိုင်တာကြောင့် ထွက်ပြေးပြီး အခုလို အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်တော့လည်း တပ်မတော်မှ တာဝန်ရှိသူတွေက သားသမီးလို ညီအစ်ကိုလိုမျိုး နွေးထွေးစွာပြောဆိုဆက်ဆံခဲ့ပါတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ် အခုလိုဆက်ဆံတဲ့အတွက် လွန်စွာဝမ်းသာကျေနပ်ခဲ့ပါတယ်။ ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့လမ်းကြောင်းကိုရွေးချယ်မိတာ မှန်ကန်တယ်လို့မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့လူငယ်တွေကို တောထဲမှာ အကြောင်းမဲ့သေဆုံးရမယ့်အစား မိသားစုနဲ့အတူပြန်လည်နေထိုင်ပြီး ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ ကျွန်တော်နဲ့ လက်တွဲပြီး တပ်မတော်ကို အလင်းဝင်ရောက်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ" ဟုပြောသည်။

"ကျွန်တော်ကတော့ ဆီဆိုင်မြို့နယ် ဇာတိ ပအိုဝ်းလူမျိုးတစ်ဦးဖြစ်ပါတယ်။ PNLO အဖွဲ့ကနေ အလင်းဝင်ရောက်လာတဲ့သူလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြမ်းဖက်အဖွဲ့ထဲကို မဝင်ရောက်ခင်မှာ မိသားစုနဲ့အတူ အေးအေးချမ်းချမ်း နေထိုင်ခဲ့တာပါ။ ဒါပေမဲ့ PNLO အကြမ်းဖက်အဖွဲ့က ၎င်းတို့အဖွဲ့အစည်းကို ဝင်ရောက်ဖို့စည်းရုံးခဲ့မှုကြောင့် PNLO အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော် အကြမ်းဖက်အဖွဲ့ထဲကိုရောက်ရှိချိန်မှာတော့ အကြမ်းဖက်အဖွဲ့ဝင်အချင်းချင်း ကြီးနိုင်ငယ်ညှဉ်း အုပ်ချုပ်ခံခဲ့ရတယ်။ အနေအထိုင် အစားအသောက် အရမ်းခက်ခဲကြမ်းတမ်းခဲ့ရတယ်။ အကြမ်းဖက်အဖွဲ့တွေက သူတို့ကို မထောက်ခံတဲ့ဒေသခံတိုင်းရင်းသားပြည်သူလူထုကို အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်တာတွေကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတယ်။ အခုချိန်မှာ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်မှ ငြိမ်းချမ်းရေးဖိတ်ခဲ့မှုကြောင့် နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်ပြီး အေးချမ်းစွာ နေထိုင်လိုခြင်းဖြစ်ပါတယ်။ အလင်းဝင်ရောက်လာတဲ့ အချိန်မှာလည်း တပ်မတော်က တာဝန်ရှိသူတွေအနေနဲ့ နွေးထွေးစွာ ကြိုဆိုကြပါတယ်။ ကောင်းကောင်းမွန်မွန်ထားပြီး မိသားစုတစ်ဦးလိုဆက်ဆံတဲ့အတွက် အရမ်းဝမ်းသာပီတိဖြစ်ရပါတယ်။ လူငယ်များအနေနဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့လူမှုကွန်ရက်ကနေ ပြောဆိုစည်းရုံးတာတွေ ၎င်းတို့နဲ့ ပတ်သက်ဆက်နွှယ်သူများရဲ့ မဟုတ်မမှန် ဝါဒဖြန့်ပြောဆိုစည်းရုံးမှုများကိုနားယောင်ပြီး အကြမ်းဖက်အဖွဲ့ကိုမဝင်ကြဖို့ ကျွန်တော် အခုလိုအလင်းဝင်ရောက်ပြီးတော့ မိသားစုများနဲ့အတူ မြို့မှာ အေးအေးချမ်းချမ်းနေထိုင်ရသလို အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့ လူငယ်များကိုလည်း အမြန်အလင်းဝင်ရောက်လာပြီး မိသားစုနဲ့အတူပြန်လည်နေထိုင်ဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျာ" ဟုပြောသည်။ (၁၀၀)


# ရေချွေတာရေးနည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း



**ပန်းတနော် ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၂၆ ရက် နံနက်ပိုင်းတွင် မရမ်းကျေးရွာအုပ်စု ကျုံဖားကျေးရွာနှင့် မင်းဆယ်ကျေးရွာအုပ်စု ဝက်ချောင်းကျေးရွာနှစ်ရွာတို့၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ စီမံကိန်းရန်ပုံငွေကို ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု၏ အရေးပါပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ၊ ကျေးရွာသူ ကျေးရွာသားများ လိုက်နာရမည့်တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျုံဖားကျေးရွာနှင့် ဝက်ချောင်းကျေးရွာနှစ်ရွာတို့၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကိုရွေးချယ်ဖွဲ့စည်းပေးသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀နှင့် ပြည်သူထည့်ဝင်ငွေ၊ လုပ်အားများကိုအသုံးပြု၍ ကျေးရွာအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ**

## ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ အေးချမ်းသာယာခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူများက ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်ပွဲကို ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းတွင် နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကိုက ဆီထွက်သီးနှံနှင့် အခြားသီးနှံများ အထွက်တိုးစေရန်၊ ဝတ်မှုန်ကူးဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပျားများကို စနစ်တကျ မွေးမြူတတ်စေရန်နှင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားပြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးမောင်တင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား သင်တန်းနည်းပြလေးဦးဖြင့် ဧပြီလ ၂၅ ရက်မှ ၂၉ ရက်အထိ သင်တန်းကာလငါးရက်ကြာသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ (၄၀၂)



## ပူတာအိုမြို့၌ အမျိုးသား အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ပူတာအို ဧပြီ ၂၆**

ကချင်ပြည်နယ် ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌၂၀၂၆ခုနှစ်မြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၅ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဒခွမ်ဇိနက ပြိုင်ပွဲတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက ပြိုင်ပွဲအတွက် အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က ပြိုင်ပွဲအတွက်ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်တာဝန်ခံဒေါ်ခင်မိုးသဲက အားကစားပစ္စည်းများကိုလည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်ကွင်းဖွင့်ပွဲအနေဖြင့် ဇီးအွန်(FC)ဘောလုံးအသင်းနှင့်ဂါးထု (FC)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ ဂါးထု(FC)ဘောလုံးအသင်းက ဇီးအွန် (FC)ဘောလုံးအသင်းက ၄ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲတွင် ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အမျိုးသားဘောလုံးအသင်း ၁၂ သင်း၊ အမျိုးသမီးဘောလုံးအသင်း လေးသင်းတို့ ပါဝင်ကြပြီး ဧပြီလ ၂၅ ရက်မှ မေလ ၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဆေးဖက်ဝင်နဂါးမောက်သီးအကြောင်းသိကောင်းစရာများ



နဂါးမောက်သီးသည် မြန်မာနိုင်ငံအတွက် ဈေးကွက်အလားအလာကောင်းသဖြင့် စီးပွားဖြစ်စိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သည်။ အသီးသည် နဂါး၏ အကြေးခွံနှင့်တူကာ စူးရှသောအပြင်ဘက်အခွံကြောင့် နဂါးမောက်သီးဟု ခေါ်တွင်ကြခြင်းဖြစ်သည်။ နဂါးမောက်သီး၏ အသားသည် ပျော့ပျောင်းပြီး အမည်းရောင်ရှိသော အစေ့ငယ်များနှင့်ဖွဲ့စည်းထားကာ အရသာသည် ချိုအေးနူးညံ့သည်။ နဂါးမောက်ပင်များသည် Cactus ရှားစောင်းမျိုးရင်းဖြစ်သဖြင့် ရေငတ်ခံ၊ အကြမ်းခံသော နွယ်ယောင်ပင်ယောင်အပင်အမျိုးအစားဖြစ်ပြီး ပူအိုက်၍ မိုးရေချိန်များသည့် ဒေသ၌ ရှင်သန်ဖြစ်ထွန်းသည်။

နဂါးမောက်သီးကို အင်္ဂလိပ်လို Pitaya fruit ဟု အမည်ရှိပြီး Dragon Fruit ဟုလည်း အများစုကခေါ်ကြသည်။ ရုက္ခဗေဒ (သိပ္ပံ) အမည်အနေဖြင့် Selenicereus Species (ယခင်က Hylocereus Cactus) ဟုခေါ်ပြီး မျိုးရင်း Selecereus Spp. (ကန္တာရဆူးပင်) အုပ်စုဝင်ဖြစ်သည်။

**နဂါးမောက်သီးတွင်ပါဝင်သော အာဟာရဓာတ်များ**

နဂါးမောက်သီးတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး ဗီတာမင်-C၊ သံဓာတ်၊ အမျှင်ဓာတ်ကဲ့သို့သော ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့်အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ နဂါးမောက်သီးသည် ဗီတာမင်-C ကြွယ်ဝသောအသီးဖြစ်ပြီး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသည်။ ဗီတာမင်-C သည် ခန္ဓာကိုယ်မှ ရောဂါပိုးမွှားများနှင့် ရောဂါများကို ကာကွယ်ပေးသည်။

**နဂါးမောက်သီးစားသုံးမှုပုံစံ**

နဂါးမောက်သီးကိုခွဲထားပြီး အချိန်ကြာမှစားလျှင် ပါဝင်သော ဗီတာမင်-C မှအစအင်တီအောက်စီးဒင့်များသည် လေနှင့်ထိတွေ့ပြီး ပျက်စီးဆုံးရှုံးမှုရှိလာသောကြောင့် နဂါးမောက်သီး၏ ဆေးဖက်ဝင်အာနိသင်များ အပြည့်အဝရရှိစေရန်အတွက် စားခါနီးမှ ခွဲစားလျှင် ပိုကောင်းသည်။ နဂါးမောက်သီးကို အသားအတိုင်းစားနိုင်သကဲ့သို့ ဖျော်ရည်များ၊ အသုပ်များနှင့် တခြားဟင်းချက်နည်းများတွင်လည်း အသုံးပြုလေ့ရှိသည်။

**နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးသောနဂါးမောက်သီး**

နဂါးမောက်သီးသည်သွေးတွင်းသကြားဓာတ်ပမာဏကိုထိန်းညှိပေးပြီး ကျန်းမာရေးကို အထောက်အကူပြုသည်။ အသီးတွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုကို လျှော့ချပေးနိုင်ပြီး နှလုံးရောဂါနှင့်ကင်ဆာကဲ့သို့ နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ နဂါးမောက်သီးတွင် အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများမြင့်မားစွာပါဝင်မှုသည် ကိုလက်စထရောပမာဏကို လျှော့ချရန်နှင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပြီး နှလုံးသွေးကြောဆိုင်ရာကျန်းမာရေးကို တိုးတက်ကောင်းမွန်စေသည်။

**LDL ကိုလက်စထရောမြင့်တက်မှုကို ကာကွယ်ပေးသောနဂါးမောက်သီး**

နဂါးမောက်သီးတွင် အမျှင်ဓာတ်နှင့် မဂ္ဂနီဆီယမ်ပါဝင်မှုများပြားပြီး ကယ်လိုရီပါဝင်မှုနည်းပါးသည့်အပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းမျိုးစုံပါဝင်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း ဘီတာလိန်း (Beta-lains) သည် နဂါးမောက်သီး၏အသားတွင် အဓိကပါဝင်ပြီး ဓာတ်တိုးဖိစီးခြင်းကြောင့် မကောင်းသည့် LDL ကိုလက်စထရော မြင့်မားမည့်အခြေအနေမှ ကာကွယ်ပေးသည်။ နဂါးမောက်သီးတွင် အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သောကြောင့် ကျန်းမာရေးအတွက် များစွာအကျိုးပြုသည်။

**ကိုယ်အလေးချိန်လျှော့ကျစေနိုင်သော နဂါးမောက်သီး**

နဂါးမောက်သီးသည် ကယ်လိုရီပါဝင်မှုနည်းပြီး အမျှင်ဓာတ်မြင့်မားသောကြောင့် အာဟာရပြည့်ဝမှုကိုမြှင့်တင်ပေးပြီး အဝလွန်ခြင်းကို တားဆီးပေးနိုင်သည်။ နဂါးမောက်သီးသည် ကျန်းမာရေးနှင့်ညီညွတ်သည့် ကိုယ်အလေးချိန်လျှော့ကျစေသော အစားအစာတစ်ခုဖြစ်သည့်အပြင် ကောင်းမွန်သောအစားအစာတစ်ခုလည်း ဖြစ်သည်။ အသည်းအဆီဓာတ်များကို လျှော့ချရာတွင်လည်း အထောက်အကူပြုသည်။

**အရွယ်တင်နုပျိုစေသော နဂါးမောက်သီး**

နဂါးမောက်သီးတွင် ဗီတာမင်-C နှင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အပြင် လိုင်ကိုပင်း(Lycopene) ဟု ခေါ်သည့် ကယ်ရိုတန်နွိုက်(Carotenoid) ဓာတ်များစွာ ပါဝင်သောကြောင့် အရွယ်တင်နုပျိုစေသည်။

**အသားအရေကိုကာကွယ်ပေးသော နဂါးမောက်သီး**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် အသားအရေ ခြောက်သွေ့ပျက်စီးခြင်းကို ကာကွယ်ပေးနိုင်ပြီး အသားအရေကို တင်းရင်းလှပစေမည့် ကော်လာဂျင်များ ထွက်လာအောင် လှုံ့ဆော်ပေးနိုင်သည်။

**သွေးတွင်းသကြားဓာတ်ကို ထိန်းပေးသောနဂါးမောက်သီး**

အင်ဆူလင်အာရုံခံအားကို ပိုမိုကောင်းမွန်စေသောကြောင့် သွေးတွင်းသကြားဓာတ်ကိုထိန်းသိမ်းရာတွင် အထောက်အကူပြုပြီး ရောင်ရမ်းမှုများကိုကျစေနိုင်သည်။

**သွေးတိုးနှင့်နှလုံးရောဂါဖြစ်နိုင်ခြေ လျှော့ကျစေသောနဂါးမောက်သီး**

နဂါးမောက်သီးတွင် အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာပါဝင်မှုသည် ကိုလက်စထရောကိုကျဆင်းစေသောကြောင့် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေပြီး တခြားသောနှလုံးနှင့်ပတ်သက်သည့်ရောဂါများဖြစ်နိုင်ခြေကို လျှော့ကျစေသည်။ ဖလေဗိုနွိုက် (Flavonoids) ဓာတ်တိုးဆန့်ကျင်ပစ္စည်းသည် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုပြီး နှလုံးရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးသည်။ နာတာရှည်ရောဂါများနှင့် အိုမင်းခြင်းကို ပိုမိုတွန်းအားပေးသည့် ဖရီးရယ်ဒီကယ်များ၏ရန်ကို အဆိုပါဓာတ်တိုးဆန့်ကျင်ပစ္စည်းများက လျှော့ချပေးနိုင်သည်။

**ဝမ်းချုပ်ခြင်းကိုသက်သာစေသော နဂါးမောက်သီး**

နဂါးမောက်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်များသည် အူလမ်းကြောင်းရှိ အကျိုးပြုဗက်တီးရီးယားများ ပေါက်ပွားသန်စွမ်းရန်အားပေးပြီး အစာကြေစေနိုင်၍ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး ရောဂါပိုးများ အလွယ်တကူဝင်ရောက်ခြင်းမဖြစ်စေရန် ကာကွယ်ပေးသည်။ ကိုယ်ဝန်ဆောင်ကာလတွင် ဝမ်းချုပ်ခြင်းကြောင့် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲပြဿနာများကို အကောင်းဆုံးကာကွယ်ပေးသည်။ အစာခြေစနစ်ပြဿနာများကိုကာကွယ်ပေးပြီး အစာခြေစနစ်ကျန်းမာစေရန် အကောင်းဆုံး ထောက်ပံ့ပေးနိုင်သည်။ နဂါးမောက်သီးတွင် အမျှင်ဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်သည်။

**မွေးရာပါချို့ယွင်းမှုမဖြစ်အောင် ကာကွယ်ပေးသောနဂါးမောက်သီး**

နဂါးမောက်သီးတွင် ဖောလိတ်ကဲ့သို့ ကိုယ်ဝန်ဆောင်ချိန်တွင် လိုအပ်သည့် ဓာတ်တစ်မျိုး ပြည့်ဝစွာပါဝင်နေသောကြောင့် မွေးဖွားလာသည့်ကလေးတွင် မွေးရာပါချို့ယွင်းချက်ပါမလာစေရန် ကာကွယ်ပေးနိုင်သည်။ ထို့ပြင် နဂါးမောက်သီးတွင် ဗီတာမင်-B1၊ ဗီတာမင်-B2၊ ဗီတာမင်-B3၊ ဗီတာမင်-C နှင့် တခြားဗီတာမင်များပါဝင်သောကြောင့် မိခင်ကို ကျန်းမာစေနိုင်သကဲ့သို့ ဗိုက်ထဲမှ သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုအတွက်လည်း အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည်။

**အရိုးများကို ကြံ့ခိုင်သန်စွမ်းစေနိုင်သော နဂါးမောက်သီး**

နဂါးမောက်သီးတွင် ကယ်လ်ဆီယမ်ပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်ကာလတွင် အရိုးနှင့်သွားများ ကြံ့ခိုင်သန်စွမ်းစေရန် အထောက်အကူပြုပေးသကဲ့သို့ သန္ဓေသား၏အရိုးများ ဖွံ့ဖြိုးမှုအတွက်လည်း အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည်။

**သွေးအားနည်းရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သောနဂါးမောက်သီး**

နဂါးမောက်သီးတွင် သံဓာတ်နှင့် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သဖြင့် ကိုယ်ဝန်ဆောင်ကာလအတွင်း သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။

**ရောဂါပိုးများကူးစက်ခံရမှုမှ ကာကွယ်ပေးသော နဂါးမောက်သီး**

အရသာရှိသည့် နဂါးမောက်သီးတွင် ဗက်တီးရီးယားများနှင့် မှိုပိုးများကို တိုက်ဖျက်နိုင်သည့် အာနိသင်ရှိသောကြောင့် ကိုယ်ဝန်ဆောင်ကာလတွင် ဗက်တီးရီးယားများနှင့် မှိုပိုးများကူးစက်ခံရမှုမှ အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ဆဲလ်အသစ်များ ဖြစ်ပေါ်စေမှုကြောင့် ထိခိုက်မှုများကို အမြန်ဆုံးသက်သာစေနိုင်သည်။

**ကိုယ်ခံအားကောင်းစေသော နဂါးမောက်သီး**

နဂါးမောက်သီးတွင် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သောကြောင့် ဖျားနာမှုကင်းစေပြီး ကိုယ်ခံအားကောင်းစေရန် အကောင်းဆုံး ထောက်ပံ့ပေးနိုင်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ဆေးသောက်ရန် အဆင်မပြေသောကြောင့် ဖျားနာသည့်အခါ ခံစားရခက်ခြင်းမဖြစ်စေရန် နဂါးမောက်သီးစားပေးပါက ကိုယ်ခံအားကို ဖြည့်ပေးနိုင်သည်။ နဂါးမောက်သီးက ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်သကဲ့သို့ အကျိုးပြုအဆီဓာတ်ကိုလည်းရရှိစေနိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် စားသုံးပေးပါက မိခင်ရော ကလေးပါ ကျန်းမာစေနိုင်သည်။

**စိတ်ဖိစီးမှုနှင့်ဆိုင်သောရောဂါများကို ပျောက်ကင်းစေနိုင်သောနဂါးမောက်သီး**

နဂါးမောက်သီးတွင် အစွမ်းအာနိသင်ထက်မြက်စေသည့် Antioxidant ဓာတ်ပြည့်ဝစွာပါဝင်သည့်အတွက် စိတ်ဖိစီးမှုနှင့် ဆက်နွယ်နေသောရောဂါများကို ပျောက်ကင်းစေနိုင်သည်။

**ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးအတွက် အကျိုးရှိသောနဂါးမောက်သီး**

နဂါးမောက်သီးသည် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးအတွက် လိုအပ်သော အာဟာရဓာတ်များဖြစ်သည့် ကယ်လ်စီယမ်ဓာတ်၊ ဗီတာမင်-C နှင့် ဖောလိတ်စသည်တို့ကို ဖြည့်တင်းပေးသည်။ အမျှင်ဓာတ်များလည်း ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်များတွင် ဖြစ်လေ့ဖြစ်ထရှိသော ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေသည်။ နဂါးမောက်သီးတွင်ပါဝင်သော အာဟာရဓာတ်များကလည်း ကိုယ်ဝန်ဆောင်မိခင်၏ခုခံအားစနစ်ကို မြှင့်တင်ပေးပြီး ရောဂါပိုးများ အလွယ်တကူမဝင်ရောက်စေရန် ကာကွယ်ပေးသည့်အပြင် ဆေးဖက်ဝင်ဓာတ်ပစ္စည်းများမှလည်း ဓာတ်တိုးဆန့်ကျင်အာနိသင်ကို ရရှိသောကြောင့် မိခင်ရော ကလေးပါ ကျန်းမာစေသည်။

**နဂါးမောက်သီးမစားသင့်သူများ**

ရောဂါအခံရှိသူများ၊ ကျန်းမာရေးပြဿနာတစ်ခုခုကြောင့် ဆေးသောက်နေရသူများအနေဖြင့် ဆရာဝန်နှင့်သေချာတိုင်ပင်ပြီးမှ စားသင့်သည်။ အထူးသဖြင့် ဆီးချိုနှင့် သွေးတိုးရောဂါရှိသူများ သတိပြုသင့်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် နဂါးမောက်သီးစားသုံးခြင်းဖြင့် မိခင်နှင့်ကလေးအတွက် ကောင်းကျိုးများသော်လည်း အလွန်အကျွံစားသုံးခြင်းမပြုရန်လိုအပ်သည်။

**နဂါးမောက်သီးကို အဓိကစားသုံးသင့်သူများ**

နဂါးမောက်သီးကို ကျန်းမာပြီး အသားအရေလှပနုပျိုလိုသူများ၊ နာတာရှည်ရောဂါခံစားနေရသူများ၊ လေးဖက်နာ၊ နှလုံးရောဂါခံစားနေရသူများ၊ ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါခံစားနေရသူများ၊ အစာအိမ်ရောဂါရှိသူများ၊ ကျောက်ကပ်ရောဂါ ခံစားနေရသူများ၊ ဆီးကျောက်တည်သူများ၊ ဆီးချုပ်၊ ဝမ်းချုပ်တတ်သူများ၊ ဦးနှောက်မဖွံ့ဖြိုးသည့်ရောဂါရှိသူများ၊ လေကောင်းလေသန့်မရရှိသောပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်နေရသူများ၊ စိတ်ဖိစီးမှုများသူများ၊ ကိုယ်အလေးချိန်လျှော့ချလိုသူများ၊ အားအင်ကုန်ခန်းစိတ်ဓာတ်ကျနေသူများ စားသုံးရန် အထူးသင့်လျော်သည်။

အချုပ်အားဖြင့်ဆိုသော် နဂါးမောက်သီးသည် အစာအိမ်အတွင်းရှိ အဆိပ်အတောက်များကို ချေဖျက်နိုင်စွမ်းရှိခြင်း၊ အဆီဓာတ်များကိုလျှော့ကျနိုင်စွမ်းရှိခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ မျက်လုံးအားကောင်းခြင်း၊ သွားနှင့်အရိုးများခိုင်မာစေခြင်းတို့ကြောင့် လူတိုင်းစားသုံးသင့်သောအသီးဖြစ်ပြီး နာလန်ထလူမမာများအတွက် အထူးသင့်လျော်သည်။ နဂါးမောက်သီးတွင် Antioxidant အများဆုံး ပါဝင်သဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဆီးလွန်ရောဂါများ၊ လေသင်တုန်းနှင့် လေဖြတ်ခြင်းရောဂါများ ပျောက်ကင်းစေသည်။ ကိုလက်စထရောကို လျှော့ကျစေသည့်အပြင် ချောင်းဆိုး၊ ရင်ကျပ်ရောဂါကိုလည်း သက်သာပျောက်ကင်းစေသည်။ နာတာရှည်ရောဂါခံစားနေရသူများ၊ အသားအရေစိုပြည်လှပလိုသူများ၊ နှလုံး၊ သွေးတိုးရောဂါနှင့်အစာအိမ်အူလမ်းကြောင်းပြဿနာရှိသူများ ရွေးချယ်စားသုံးသင့်သည့်အသီးအနှံတစ်မျိုးဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပျိုးဥယျာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေး



စစ်တွေ ဧပြီ ၂၆

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များသည် ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ပျိုးဥယျာဉ်များ၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး နည်းပညာတက္ကသိုလ်(စစ်တွေ) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (စစ်တွေ)မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် အဖွဲ့သည် သစ်တောဦးစီးဌာန ခြံဝင်းအတွင်းရှိ ပျိုးဥယျာဉ်၌ ၂၀၂၆ ခုနှစ် မိုးရာသီတွင် ပြည်သူလူထုဖြန့်ဖြူးနိုင်ရန်အတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် ပရဆေးဥယျာဉ်အတွင်း၌ ဆေးဖက်ဝင်အပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်သစ်တောဦးစီးဌာန ဦးစီးမှူးက ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေများ၊ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ခိုင်သဇင်ပန်းခြံပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မြို့သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ မြေယာရှုခင်းများဖော်ဆောင်ရေးတို့တွင် သစ်ပင်ပန်းမန်များ စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျပျိုးထောင်သွားကြရန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)၌ နည်းပညာတက္ကသိုလ်(စစ်တွေ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာတိုးတက်မြင့်မားရေးအတွက် သုတ၊ ရသစာအုပ်များလေ့လာဖတ်ရှုနိုင်ရေး ကျောင်းစာကြည့်တိုက်များ မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) ကျောင်းအုပ်ကြီး ဒေါက်တာဦးကျော်ငြိမ်းက အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)၏ အချက်အလက်များအားလည်းကောင်း၊ နည်းပညာတက္ကသိုလ်(စစ်တွေ)မှ ဌာနမှူး(စီမံ/ဘဏ္ဍာ) ဒေါ်ရီရီလှက နည်းပညာတက္ကသိုလ်(စစ်တွေ)၏ အချက်အလက်များအားလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြောင်းသိရသည်။

တင်ထွန်း (ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

ပွင့်ဖြူ ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ မြေပဲစိုက်ခင်းများကို ဒေသခံတောင်သူများက ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့ထိ မြေပဲကေအားလုံးကို ရာနှုန်းပြည့် နုတ်သိမ်းခြွေလှေ့ ပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့် တင်းရေ ၅၄ ဒသမ ၆၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံရာသီ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၃၁၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကို လက်ရှိမှာ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးတာတွေ ရှိလာပါတယ်။ တောင်သူတွေကိုလည်း မြေပဲစိုက်ပျိုးရာမှာ အထွက်နှုန်းများ တိုးတက်စေဖို့ မျိုးကောင်းမျိုးသန့်တွေရရှိအောင်၊ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင်၊ ပိုးမွှားရောဂါကင်းရှင်းအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်။" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် မြေပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစေ့များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ GAP စနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြောင်းသိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ရပ်စောက်မြို့နယ်၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်း သင်တန်းဖွင့်လှစ်

ရပ်စောက် ဧပြီ ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်း၍ ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းသင်တန်းနှင့် AVIP ဖြည့်သွင်းနည်း သင်တန်းဖွင့်ပွဲကို ဧပြီလ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ရက် ၁၀၀ စီမံချက်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်မီထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက သင်တန်းတွင် လူဦးရေနှင့် အခြေခံအချက်အလက်များကောက်ယူခြင်း၊ သယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများဖြည့်သွင်းနည်း၊ လုပ်ငန်းပြီးစီးမှု အစီရင်ခံစာတင်ပြခြင်းနှင့် မှတ်တမ်းထိန်းသိမ်းနည်း စသည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သင်တန်းသို့ ရပ်စောက်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် စမ်းရေဦးကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး သင်တန်းတွင် VDP စီမံချက်ရေးဆွဲနည်း၊ AVIP ဖြည့်သွင်းနည်းများနှင့် ပတ်သက်သည့် သင်ခန်းစာများကို ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

## ရင်မှာပျိုးသည့်ပန်း

❖ နှင်းပွင့်ပြယ် နွေဦးရောက်
ပေါက်လဲတို့ ဖူးပွင့်ပြီ။
ပင်လက်ပံ ဟိုထက်ဖျား
ငှက်များညံစီ။
ဥသြငှက်က လွမ်းတေးသီ
အလှမ်းမဝေးပြီ ထိုစခန်း။
လေကြောင်းပညာ ရင်မှာပျိုးဖို့
မျှော်ကိုးလျှောက်လှမ်း။

❖ တို့တိုင်းပြည် အနာဂတ်
မတ်မတ်ကွယ် ရပ်နိုင်ရန်။
တို့လူငယ် မပြတ်ကြိုးက
တိုးတက်မည်မှန်။
ပြည်ကျိုးတွက် ဦးထိပ်ပန်
ရည်စိတ်သန် သင်ယူလှမ်း။
လေကြောင်းပညာ တစ်ခေတ်ဆန်းဖို့
ဆင့်ကမ်းဆောင်ထမ်း။

❖ နည်းပညာ သိပ္ပံအတတ်
ဆင့်ထပ်တဲ့ အနုပညာ။
ဝေဟင်မှာ အောင်လံလွှင့်
ထူးတင့်စေမှာ။
စက်မှုလက်မှု တတ်ပညာ
မပြတ်သင်ကာ တတ်မြောက်ရေး။
နွေရာသီအားလပ်ရက်
တက်ခဲ့တယ်လေး။

❖ လေကြောင်းလူငယ် တို့မျိုးဆက်
တိုးတက်လို့ အမြစ်တွယ်။
တို့နိုင်ငံ အနာဂတ်
မြင့်မြတ်တင့်တယ်။
အာကာသ ဝလာဘုံဝယ်
ကမ္ဘာကုန်ကျယ် ခြေဆန့်မောင်း။
တို့မြန်မာ လေသူရဲတို့
စဥ်မြဲအောင်ကြောင်း။ ။

ရွှေညာမြေ မြတ်သင်းကြိုင်

## MWD Variety Channel

၂၇-၄-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | သတိမမူ ဂူမမြင် |
| ၂။ | ၁၀:၄၀ | Countries of the World |
| ၃။ | ၁၂:၂၀ | Knowledge Note |
| ၄။ | ၁၆:၅၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |

# မင်းဘူး(စကု)မြို့နယ်၌ တောင်သူများစိုက်ပျိုးထားသည့် ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်း

မင်းဘူး ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာ၌ တောင်သူများစိုက်ပျိုးထားသည့် ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိသောကြောင့် စိုက်ပျိုးသူများအဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်ပျိုးသူများ၏ပြောပြချက်အရ သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန်လိုအပ်သည်။ နွေရာသီနှင့်ဆောင်းရာသီတို့တွင်စိုက်ပျိုးလျှင် ရေသွင်း၍မြေအစိုဓာတ်ရရှိရန်ပြုလုပ်ပေးရသည်။ စိုက်ပျိုးပြီး အပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များထိခိုက်ပြီး ဝတ်ဆံကြွေမသွားစေရန် ဂရုစိုက်ပေးရသည်။ ဝတ်ဆံများပျက်စီးပြီး ကြွေကျသွားပါက ပြောင်းဖူးစေ့အောင်မြင်မှုလျော့ကျသည်။

ဖူးစားပြောင်းသည် စိုက်ပျိုးပြီး နှစ်လအကြာတွင် စတင်ဖူးပြီး သုံးလအတွင်း ခုတ်၍ရောင်းချနိုင်သည်။ ဖူးစားပြောင်းမှာ ပြောင်းကြမ်း၊ သကြားပြောင်း၊ အစေးပြောင်းဟူ၍သုံးမျိုးရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်အစာအတွက်သာ စိုက်ပျိုးကြသည်။

ပြောင်းစိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက်အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက်အစေ့ချ၍ စနစ်တကျစိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းများပြုလုပ်ပေးနိုင်သည့်အတွက် အပင်များ ပို၍ရှင်သန်ကြီးထွားစေသည်။ ပြောင်းဖူးပင်များမှာ တစ်ကေလျှင် အပင်ရေ ၁၀၀၀၀ ဝန်းကျင်စိုက်ပျိုးနိုင်ကြောင်း သိရသည်။ **ဇေယျာနိုင်(ရွှေကန်မြေ)**



# တွံတေးမြို့နယ် ဘုရားကျောင်းကျေးရွာ၌ ကရင်ဒုံးယိမ်းအကသင်တန်းဆင်း



ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် တူးချောင်းကြီးကျေးရွာအုပ်စု ဘုရားကျောင်းကျေးရွာ၌ တွံတေးမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးဖွင့်လှစ်သော ကရင်ဒုံးယိမ်းအကသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီလ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အခမ်းအနားကို ဖားစည်တီးခြင်းနှင့် လူငယ်များက ကွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးဦးစောဂျက်ကော့ထူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ တွံတေးမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစောဟိုက်ဆင်က ကရင်ဒုံးယိမ်းအက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တူးချောင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ရိုးရာယဉ်ကျေးမှု ကရင်ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေကြရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ စာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများ၊ တွံတေးမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ကရင်ဒုံးယိမ်းအကအဖွဲ့များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ပွင့်ဖြူမြို့၌ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများရှိ သဲနုန်းများနှင့်အမှိုက်များ ရှင်းလင်းဆောင်ရွက်

ပွင့်ဖြူ ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များရှိရေမြောင်းများရေစီးရေလာကောင်းမွန်စေရေးအတွက် သဲနုန်းများနှင့်အမှိုက်များရှင်းလင်းခြင်း၊ မြို့ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဧပြီလ ၂၅ ရက်က ဝန်ထမ်းများအဖွဲ့က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ မြို့ပြသန့်ရှင်းသာယာလှပရေး ရေမြောင်းများအတွင်း ပိတ်ဆို့နေသောသဲနုန်းများနှင့် အမှိုက်သရိုက်များကို ဆယ်ယူရှင်းလင်းခြင်း၊ မြို့ပတ်လမ်းတစ်လျှောက် လမ်းဘေး(ဝဲ၊ ယာ)၌ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပွင့်ဖြူမြို့အား မြို့ပြအင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရန် ရေမြောင်းများအတွင်း ပိတ်ဆို့နေသော သဲနုန်းများနှင့်အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ မြို့ပြစိမ်းလန်းစိုပြည်သာယာလှပစေရေး အရိပ်ရသစ်ပင်၊ ပန်းပင်များကို စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တာမွေမြို့နယ်၌ မူးယစ်ဆေးဖြတ်သင်တန်းဆင်းသင်တန်းသားများ၏မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး၌ ၂၀၁၆ ခုနှစ်အတွင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသားဦးရေ ၁၅၀ ကျော်အထိရှိပြီး ဧပြီလ ၂၅ ရက်က အဆိုပါရုံးမေတ္တာစံအိမ်ခန်းမ၌ မူးယစ်ဆေးဖြတ်သင်တန်းဆင်းသင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၏ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင်အသုံးပြုရန် အလှူရှင်မိသားစုက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဖြတ်သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံကာ သင်တန်းဆင်းသင်တန်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲတိုးတက်လာမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ် ကျေးရွာငါးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည်

ညောင်ရွှေ ဧပြီ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ညောင်ရွှေမြို့နယ် ကျေးရွာငါးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာငါးရွာမှာ ဘန်းပြင်ကျေးရွာအုပ်စု ဖက်ဟီးကျေးရွာ၊ နောင်တောကျေးရွာအုပ်စု နောင်ကင်ကျေးရွာ၊ ကျေးပေါခုံကျေးရွာအုပ်စု ကျားတွန်ကျေးရွာ၊ မင်းချောင်းကျေးရွာအုပ်စု နွားမ(မြောက်)ကျေးရွာနှင့် ပွဲစားကုန်းလယ်ပြင်ကျေးရွာတို့ဖြစ်သည်။

အဆိုပါကျေးရွာငါးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန်ဆွေးနွေးခြင်း၊ ကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀ ဖြင့် စုစုပေါင်း ကျေးရွာငါးရွာအတွက် ပံ့ပိုးငွေ ငွေကျပ် သိန်း ၇၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အားကစားကွင်းသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ရက် ၁၀၀ အတွင်းဆောင်ရွက်ရမည့် Smart School နှင့် Football For School Program ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူနှင့် တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အားကစားကွင်းသို့ရောက်ရှိရာ ၉ ဒသမ ၅၆၄ ဧကရှိအားကစားကွင်းတည်နေရာပြမြေပုံပါအတိုင်း ခြံစည်းရိုးအုတ်တံတိုင်း ၂၂၅၆ ပေ ကာရံထားမှုအခြေအနေ၊ ၇ ဒသမ ၈၁၆ ဧကရှိ ဘောလုံးကွင်းဧရိယာ Inner Fencing ကာရံထားရှိမှု၊ ဘောလုံးကွင်းမြက်ခင်းပြင်၊ ဂိုးတိုင်ဂိုးပိုက်များတပ်ဆင်ထားရှိမှုအခြေအနေ၊ မီတာ ၄၀၀ မြေသားပြေးလမ်း ခင်းကျင်းထားမှုအခြေအနေ၊ ၁၄၀ x ၂၄ ပေရှိ ပရိသတ်အင်အား ၅၀၀ ဝင်ဆံ့သည့် အထူးတန်းပွဲကြည့်စင်၊ ပရိသတ်အင်အား ၁၀၀၀ စီ ဝင်ဆံ့သည့် ၂၀၀ x ၂၃ ပေရှိ အရှေ့ဘက်ပွဲကြည့်စင်နှင့် ၂၃၂ x ၂၃ ပေရှိ မြောက်ဘက်ပွဲကြည့်စင် တည်ဆောက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ထားရှိမှုနှင့် ၁ ဒသမ ၇၄၈ ဧကရှိ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ထားရှိမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားကွင်း/ အားကစားရုံ ရေရှည်တည်တံ့စေရေး၊ အားကစားကွင်းပတ်လည် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စိမ်းလန်းစိုပြည်စေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများတွင် အများပြည်သူ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများကို လာရောက်လေ့ကျင့်ကစားနိုင်စေရေးအတွက် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်တွင်ပါရှိသည့် ရက် ၁၀၀ စီမံချက်နှင့်စပ်လျဉ်းပြီး အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကို ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပေါင်းစပ်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်ငူခရိုင်မှ မျိုးဆက်သစ်အားကစားသမားများစွာ ထွက်ပေါ်လျက်ရှိပြီး ခရိုင်/မြို့နယ်တို့မှ အားသာသည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ကြက်တောင်နှင့် စားပွဲတင်တင်းနစ် အားကစားသင်တန်းများကို အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်သင်ကြားပို့ချပေးရေးနှင့် အားကစားပြိုင်ပွဲများကို ခရိုင်/မြို့နယ် အားကစားဆပ်ကော်မတီ၊ ပညာရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အားကစားဝါသနာရှင်များ၊ ပညာရှင်များ၊ စေတနာရှင်အလှူရှင်များနှင့်ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် စီမံချက်ရေးဆွဲ၍ဆောင်ရွက်သွားရန်လိုကြောင်းမှာကြားပြီး ဝန်ထမ်းများ၏တင်ပြမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ အားကစားမြှင့်တင်ရေးနှင့် ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်စေရေးအတွက် အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ရက် ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ အခြေခံပညာကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက မိမိတို့အဖွဲ့ချုပ်အနေဖြင့် ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် Smart School နှင့် Football For School Program လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ အခြေခံပညာကျောင်းများတွင် အခြေခံဘောလုံးသင်တန်းဖွင့်လှစ်နိုင်ရေး၊ နည်းပြမွမ်းမံသင်တန်းများဖွင့်လှစ်နိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားအသစ်များ ရွေးချယ်နိုင်ရေး၊ ပြိုင်ပွဲများကျင်းပနိုင်ရေး၊ ဘောလုံးများထောက်ပံ့ပေးနိုင်ရေး၊ PE ဆရာ/ ဆရာမများနှင့် ဆက်သွယ်၍ တာဝန်ပေးဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ထပ်မံဖြည့်စွက်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအတိုင်း မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်အောင်မြင်စေရေးအတွက်အခြေခံမှစတင်၍ အတူတကွ ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မိသားစုလိုက်ကင်းမွန်များခြင်းဖြင့် ပင်လယ်ပျော်ဆလုံတို့ အဆင်ပြေလျက်ရှိ

ရန်ကုန် ဧပြီ ၂၆

ကော့သောင်းခရိုင် မကြံ့ဂုလက်၊ ညောင်ဝီး၊ ဂျအုံး၊ ဂျလန်း၊ ဓာဒတ်ကြီးကျွန်းတို့တွင်နေထိုင်သည့်ဆလုံတိုင်းရင်းသားများ ယခုရာသီတွင် ရိုးရာလုပ်ငန်းဖြစ်သည့် မိသားစုလိုက် ပင်လယ်ပြင်ကင်းမွန်များခြင်းဖြင့် အဆင်ပြေလျက်ကြောင်း သိရသည်။

ကင်းမွန်း(ပြည်ကြီးငါး)ပေါက်ပွားနှုန်းနှင့် အထိအမိကောင်းသည့် မိုးရာသီမဟုတ်သော်လည်း ထိုင်းနိုင်ငံမှဈေးကောင်းပေးမှုကြောင့် ပင်လယ်ပြင်၌ ဆလုံတိုင်းရင်းသားများ ရာသီမပြတ် သန္တာနီ၊ သန္တာနက်ကျွန်းနှင့် ငါးမန်းကျွန်းအနီး၌ကင်းမွန်များ၍ အတူလိုက်ပါရှိသည့် ကဖန်းစက်လှေသို့ ပြန်လည်ရောင်းချလေ့ရှိကာ ထိုကဖန်းစက်လှေမှ ကော့သောင်းဒိုင်သို့ပို့ပြီး ကော့သောင်းဒိုင်မှ ထိုင်းနိုင်ငံသို့ တစ်ဆင့်ပြန်လည်ရောင်းချကြောင်းသိရသည်။

"ဒီရာသီက ကင်းမွန်အထိအမိမကောင်းပေမယ့် ဈေးကောင်းရတဲ့အတွက် ပင်လယ်ပြင်ထွက်ကြတာများတယ်။ ရှေ့က ကဖန်းစက်လှေကြီးနောက်မှာ ကျွန်တော်တို့စတော်ငယ်လှေလေးတွေလိုက်ပါပြီး ကင်းမွန်မျှားဖို့နေရာရောက်ရင် မျှားကြပါတယ်။ ဖမ်းမိတဲ့ ကင်းမွန်၊ ကျောက်ငါးတွေကို ကဖန်းလှေပိုင်ရှင်ဆီရောင်းတယ်။ သူကပဲဝယ်တယ်၊ ထမင်းကျွေးတယ်။ ကျွန်တော်တို့က မျှားတဲ့သူကမျှား၊ ရေငုပ်ပြီးကျောက်ငါး ရှာတဲ့သူကရှာကြပါတယ်။ ကျွန်တော်တို့တွေက ရေလုပ်ငန်းပဲလုပ်တတ်ပြီး ကင်းမွန်ကို ရာသီမပြတ်မျှားပြီးတော့ အသက်မွေးကြတာပါ။ မိုးရာသီဆိုရင် ကင်းမွန်ပိုပြီးရကြပါတယ်။ ဈေးတော့ကျသွားတယ်။ ဒီရာသီမှာ ကင်းမွန်ရှားတဲ့အတွက် ဈေးကောင်းရကြတာကြောင့် ကင်းမွန်ကိုပဲ အဓိကထားပြီးဖမ်းကြတာများတယ်။ ရာသီဥတုကောင်းမွန်ပြီး ကင်းမွန်ဈေးကောင်းတဲ့အတွက် အဆင်ပြေနေပါတယ်"ဟု ဓာဒတ်ကြီးကျွန်းအနီး ပင်လယ်ပြင်တွင် ကင်းမွန်မျှားနေသည့် ဆလုံတိုင်းရင်းသား ကိုဇာန်မိုးကပြောသည်။

ကင်းမွန်ကို လဆုတ် ၃ ရက်မှ လဆန်း ၃ ရက်အထိ ပင်လယ်ပြင်တွင်မျှားလေ့ရှိပြီး ၁၅ ရက်ကျော်အကြာ ကမ်းသို့ပြန်ဝင်သည်။ ဆလုံတိုင်းရင်းသားများ ကျွန်းပေါ်တွင် စည်ကားစွာတွေ့မြင်ရသောအချိန်သည် သီတင်းကျွတ်ကာလနှင့် ဆလုံနတ်ပွဲကျင်းပရာ ဖေဖော်ဝါရီလ၊ မတ်လတို့ဖြစ်သည်။



ကော့သောင်းပင်လယ်ပြင် ကမ်းနီးရေတိမ်တွင် ဆလုံများ စတော်ငယ်လှေများဖြင့် ကင်းမွန်၊ ဗီးဇင်းငါး၊ ကျောက်ငါး၊ ကုလားငို၊ ဓာချမ်းငါးတို့ကို မျှားလေ့ရှိပြီး အခြားသောဆလုံများက မိသားစုလိုက် ပင်လယ်ပြင်သို့ ကဖန်းစက်လှေဖြင့်ထွက်၍ စက်တပ်ဂလတ်၊ ဝါးအလယ်ကျွန်းအနီး၌ ညပိုင်းတွင်အောက်ဆီဂျင်ပေး၍ရေအောက်သို့ငုပ်ကာ လျှပ်စစ်မီးဖြင့် ကျောက်ပုစွန်(ပုဂံ)၊ မျှော့၊ ကျောက်ငါးတို့ကိုဖမ်းဆီးပြီး နောက်တစ်ရက်တွင် မကြံ့ဂုလက်ကျေးရွာဒိုင်သို့ ရောင်းချလေ့ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ဖွဲ့မာန်

– သစ္စာ(MNA)

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဧပြီ ၂၆

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ပါသည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကောင်းကင်ပြာအိပ်မက်နှင့် အနာဂတ်ကြယ်ပွင့်များ

ဇော်လွင်ဦး(67P)

မြန်မာနိုင်ငံ၏ လေကြောင်းပညာသမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လျှင် လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော် ၁၉၅၄ ခုနှစ် ကာလကတည်းက ခိုင်ခိုင်မာမာ အခြေတည်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။ အဆိုပါသမိုင်းဦးအစသည် တပ်မတော်(လေ)၏ ပြည်ပနိုင်ငံလေ့လာရေးခရီးစဉ်တစ်ခုနှင့် တိုက်ရိုက်ဆက်နွှယ်ခဲ့သည်။



လေကြောင်းကင်းထောက်သင်တန်းသားများ Glider လေယာဉ်ဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

၁၉၅၄-၁၉၅၅ ခုနှစ်များအတွင်း တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံသို့ Spitfire လေယာဉ်များနှင့်ပတ်သက်၍ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။ အဆိုပါခရီးစဉ်တွင် ထူးခြားသောမြင်ကွင်းတစ်ခုက တပ်မတော်(လေ)ကိုယ်စားလှယ်များ၏ အာရုံကိုဖမ်းစားနိုင်ခဲ့သည်။ အစ္စရေးလူငယ်များအား လေကြောင်းပညာရပ်များတွင် စိတ်ဝင်စားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ထားသော စက်မဲ့လေယာဉ်မောင်းသင်တန်းများပင်ဖြစ်သည်။ အစ္စရေးလူငယ်များ စက်မဲ့လေယာဉ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်ပျံသန်းနေသည့် မြင်ကွင်းကို မြင်တွေ့ရသောအခါ တပ်မတော်(လေ) ကိုယ်စားလှယ်များက အလွန်သဘောကျခဲ့ကြသည်။ ထိုမှတစ်ဆင့် မြန်မာလူငယ်များကိုလည်း **“လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော ဘာသာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှုအလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်နှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်”** အစရှိသည့် ရည်ရွယ်ချက်ကောင်းများဖြင့်ထိုကဲ့သို့သောလေကြောင်းလူငယ်သင်တန်းမျိုး မြန်မာနိုင်ငံတွင် ဖွင့်လှစ်နိုင်ရန် စတင်အကောင်အထည်ဖော်စဉ်းစားခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လေကြောင်းသမိုင်းတွင် လူငယ်များအတွက် အခြေခံအုတ်မြစ်ကို ၁၉၅၄ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက စတင်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံ၏ စက်မဲ့လေယာဉ်မောင်းသင်တန်းများကို နမူနာယူကာ မြန်မာ့မြေပေါ်တွင် အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြသည့်ဖြစ်စဉ်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသည်။ တပ်မတော်(လေ) ကိုယ်စားလှယ်များသည် ၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် မြန်မာနိုင်ငံ၌ စက်မဲ့လေယာဉ်အသင်းတစ်သင်း ဖွင့်လှစ်သင်ကြားပေးရန် အဆိုပြုလွှာကို ကာကွယ်ရေးဌာနသို့ စနစ်တကျတင်သွင်းခဲ့သည်။ အဆိုပါ အဆိုပြုချက်ကို ကာကွယ်ရေးဌာနကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် အကျေအလည်ဆွေးနွေးခဲ့ကြပြီးနောက် ခွင့်ပြုမိန့်ရရှိခဲ့သည်။ အဆိုပါအမိန့်အရ ပထမဦးဆုံးခြေလှမ်းအဖြစ် စက်မဲ့လေယာဉ်ခြောက်စင်းကို စတင်ဝယ်ယူခဲ့ကြသည်။

သင်တန်းများ စနစ်တကျစတင်လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်အတတ်ပညာရှင်များမွေးထုတ်ရန်လိုအပ်လာသည်။ ထို့ကြောင့် တပ်မတော်(လေ)မှ ဗိုလ်ကြီးဝင်းမြင့်နှင့် အခြားအဆင့်စစ်သည်ငါးဦးတို့ကို ယူဂိုဆလားဗီးယားနိုင်ငံသို့ စေလွှတ်ကာ စက်မဲ့လေယာဉ်မောင်းသင်ဆရာဖြစ်သင်တန်းတက်ရောက်စေခဲ့သည်။ အဆိုပါအရာရှိနှင့်စစ်သည်များ ပြန်လည်ရောက်ရှိလာချိန်တွင် စက်မဲ့လေယာဉ်တည်ဆောက်ရေးအင်ဂျင်နီယာ Frank Marchette လည်း အတူတကွလိုက်ပါလာခဲ့သည်။ Frank Marchette သည် မြန်မာ့လေတပ်သားများကို စက်မဲ့လေယာဉ်တည်ဆောက်ရေးအတတ်ပညာရပ်များ (Glider Construction) လက်ဆင့်ကမ်းသင်ကြားပေးခဲ့ပြီး မြန်မာ့လေကြောင်းနည်းပညာကဏ္ဍကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးခဲ့သည်။

မကြာမီကာလအတွင်းမှာပင်လေကြောင်းကင်းထောက် (Air Scouts) ဟူသော အမည်ဖြင့် လေယာဉ်ပုံစံငယ်တည်ဆောက်ခြင်းအသင်း (Aero Modelling Club)ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။



အမျိုးသမီးအရာရှိ ဗိုလ်ဒေါ်လှသန်း လေကြောင်းပြပွဲ၌ စက်မဲ့လေယာဉ်မောင်းနှင်ရန်ပြင်ဆင်နေစဉ်။

ဤအသင်းသည် လူငယ်များကြားတွင် လေယာဉ်များ၏ တည်ဆောက်ပုံနှင့် ပျံသန်းမှုသဘောတရားများကို လက်တွေ့ကျကျ လေ့လာနိုင်သည့် အချက်အချာနေရာဖြစ်လာခဲ့သည်။

စက်မဲ့လေယာဉ်များနှင့် သင်တန်းဆရာများ စုံလင်စွာရောက်ရှိလာသည့် ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် တပ်မတော်(လေ)၏ ဦးစီးချုပ်ဖြစ်သူ ဒုတိယကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်မှူးချုပ်သရေစည်သူ သူရ တီကလစ်ဖ် ကိုယ်တိုင်တက်ရောက်၍ **“မြန်မာနိုင်ငံ စက်မဲ့လေယာဉ်အသင်း”** ကို တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါအသင်း၏ ပထမဆုံးတာဝန်ခံအရာရှိအဖြစ် ယူဂိုဆလားဗီးယားနိုင်ငံတွင် သင်တန်းတက်ရောက်ခဲ့သည့် ဗိုလ်ကြီးဝင်းမြင့်က တာဝန်ယူဆောင်ရွက်ခဲ့သည်။

အဆိုပါကာလ၌ မြန်မာ့လေကြောင်းသမိုင်းတွင် အထူးမှတ်တမ်းတင်ခဲ့ရသည့် ဖြစ်စဉ်တစ်ခုမှာ အမျိုးသမီးအရာရှိတစ်ဦး၏ စွမ်းဆောင်ရည်ပင်ဖြစ်သည်။ ၁၉၅၆ ခုနှစ် ဇွန်လ ၂၉ ရက်တွင် တပ်မတော်(လေ)မှ အမျိုးသမီးအရာရှိ ဗိုလ်ဒေါ်လှသန်းသည် စက်မဲ့လေယာဉ်ကို တစ်ဦးတည်း မောင်းနှင်ပြသနိုင်ခဲ့သည်။ ဤသည်မှာ မြန်မာအမျိုးသမီးများ၏ လေကြောင်းစွမ်းရည်ကို သက်သေပြခဲ့ခြင်းဖြစ်ပြီး ထိုခေတ်ကာလ လေကြောင်းလူငယ်သင်တန်းများ၏ အဆင့်အတန်းနှင့် အောင်မြင်မှုကို ဖော်ပြနေခြင်းလည်းဖြစ်သည်ဟုမှတ်ယူနိုင်သည်။

မြန်မာနိုင်ငံ၌ လေကြောင်းလူငယ်သင်တန်းများအစပြုခဲ့သည့် နှစ်ဦးကာလများမှာပင် စနစ်တကျ အသင်းအဖွဲ့ဖွဲ့စည်းနိုင်ခြင်း၊ ပြည်ပ ပညာတော်သင်များနှင့် ကျွမ်းကျင်သူများ၏ ပံ့ပိုးမှုရှိခြင်း၊ အမျိုးသမီးအရာရှိများအထိ အောင်မြင်စွာ လေ့ကျင့်ပေးနိုင်ခြင်း စသည့်အချက်များကြောင့် အလွန်အရှိန်အဟုန်ကောင်းသော အစပျိုးမှုဖြစ်ခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ ထိုကဲ့သို့ အစပျိုးမှုကောင်းများကြောင့်ပင် ယနေ့ထက်ထိတိုင် မြန်မာလူငယ်မောင်မယ်များကြားတွင် လေကြောင်းပညာရပ်အပေါ် စိတ်အားထက်သန်မှုများ ရှင်သန်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လေကြောင်းလူငယ်သင်တန်းများကို ၁၉၅၄ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ပို့ချခဲ့ပြီးနောက် ခေတ်အဆက်ဆက်တွင် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် နည်းပညာမြှင့်တင်မှုများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလတွင် လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာ ဖြန့်ဝေလှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဌာနခွဲနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) တို့ပူးပေါင်းကာ “လူငယ် (လေကြောင်း)” အမည်ဖြင့် အသစ်တစ်ဖန်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထိုသို့ ပြင်ဆင်ဖွဲ့စည်းပြီးနောက် ရန်ကုန်၊ မိတ္ထီလာ၊ မြစ်ကြီးနားနှင့် နမ့်စန်မြို့ကြီးများတွင် လေယာဉ်ပုံစံငယ် တည်ဆောက်ခြင်းနှင့် စက်မဲ့လေယာဉ်မောင်းနှင်ခြင်း အတတ်ပညာရပ်များကို ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ ၁၉၈၃ ခုနှစ်သို့ရောက်ရှိသောအခါ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) တို့ ပူးပေါင်းညှိနှိုင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိလူငယ်များ လေကြောင်းပညာရပ်ကို လေ့လာနိုင်ရန် စနစ်တကျ ဆက်လက်ပို့ချပေးခဲ့သည်။ ထိုစဉ်ကာလက သင်ကြားမှုအဆင့်မှာ ကြိုးဖြင့်ထိန်းချုပ်ပျံသန်းခြင်း (Line Control) အဆင့်အထိသာ ရှိခဲ့သည်။ ကမ္ဘာ့လေကြောင်းနည်းပညာ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာတွင် အဝေးထိန်းစနစ်ဖြင့် ပျံသန်းခြင်း (Radio Control – RC) ခေတ်သို့ ရောက်ရှိနေပြီဖြစ်ရာ မြန်မာ့လေကြောင်းလူငယ်များကိုလည်း ရင်ပေါင်တန်းနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်က ငွေကြေးအကုန်အကျခံကာ အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့သည်။ ထိုသို့ပံ့ပိုးပေးမှုကြောင့် မြန်မာ့လေကြောင်းလူငယ်သင်တန်းများတွင် အဝေးထိန်းစနစ်ဖြင့် ပျံသန်းခြင်းနည်းပညာကို ထည့်သွင်းသင်ကြားပေးနိုင်ခဲ့ပြီး လူငယ်များ၏ နည်းပညာအရည်အသွေးကို နိုင်ငံတကာအဆင့်မီ တိုးမြှင့်ပို့ချပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၃ သို့ ○

○ စာမျက်နှာ ၁၂ မှအဆက်

မြန်မာ့လေကြောင်းလူငယ်လှုပ်ရှားမှုသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများနှင့်အတူ လက်တွေ့ကျသော အဆင့်မြင့်ပျံသန်းမှုပညာရပ်များဆီသို့ တက်လှမ်းနိုင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် လူငယ်(လေကြောင်း) သင်တန်းများကို "လေကြောင်းမျိုးဆက်သစ်" ဟု အမည်ပြောင်းလဲခဲ့သည်။ အဆိုပါနှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး သင်ကြားမှုပုံစံကို ခေတ်မီစွာအဆင့်မြှင့်တင်ခဲ့သည်။ နည်းပညာပိုင်းအရ ကြိုးဖြင့်ထိန်းချုပ်ပျံသန်းခြင်း (Line Control)၊ အဝေးထိန်းစနစ်သုံးရဟတ်ယာဉ်ငယ် (KYOSHO CONCEPT – RC Helicopter) နှင့် အဝေးထိန်းစနစ်သုံးလေယာဉ်ငယ် (GRAUPNER TAXI II – RC Aircraft) စသည်တို့ကို အသုံးပြုကာ သရုပ်ပြလေ့ကျင့်သင်ကြားပေးခဲ့သည်။ အဆိုပါသင်တန်းများသည် အောင်မြင်မှုများစွာရရှိခဲ့သဖြင့် ၁၉၉၇ ခုနှစ်အထိ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ တောင်ငူ၊ မြစ်ကြီးနား၊ ပြည်၊ မကွေးနှင့် ပုသိမ်မြို့များအထိ နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

၁၉၉၈ ခုနှစ်တွင် တပ်မတော်(လေ)နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)တို့ ပူးပေါင်းကာ "လေကြောင်းရဲညွှန့်လောင်း" အမည်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ သင်တန်းဖွင့်လှစ်ရာမြို့များကိုလည်း မိတ္ထီလာနှင့် ဟသ်ာတမြို့များအထိ တိုးချဲ့ခဲ့သည်။ ထိုကာလတွင် သင်တန်းသားများအနေဖြင့် လေယာဉ်ပျံသန်းမှုအတွေ့အကြုံနှင့် လေကြောင်းဆိုင်ရာအာရုံခံစားမှု (Air Sense) ရရှိစေရန်အတွက် တပ်မတော်လေယာဉ်များကို ကိုယ်တိုင်လိုက်ပါစီးနင်းစေသည့် သင်ကြားမှုစနစ်များကိုလည်း ထည့်သွင်းကျင့်သုံးခဲ့သည်။ မြန်မာ့လေကြောင်းလူငယ်သမိုင်းတွင် ထူးခြားသောမှတ်တိုင်တစ်ခုအဖြစ် ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တန်းမြင့်လေကြောင်းရဲညွှန့်လောင်းသင်တန်းများကိုဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ပြင်သစ်နိုင်ငံထုတ် အပေါ့လွန်လေယာဉ်ငယ် (ULTRA LIGHT) များဖြင့် သင်တန်းသားများကိုယ်တိုင် လက်တွေ့မောင်းနှင် ပျံသန်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ လူငယ်များအား သီအိုရီအဆင့်မှ လက်တွေ့မောင်းနှင်ပျံသန်းသည့်အဆင့်သို့ ကူးပြောင်းပေးနိုင်ခဲ့သည့် သမိုင်းဝင်ခြေလှမ်းတစ်ခုဖြစ်ခဲ့သည်။



Glider လေယာဉ်ဖြင့် သင်တန်းသားများလိုက်ပါပျံသန်းရန် ကြိုတင်ပြင်ဆင်နေစဉ်။

မြန်မာ့လေကြောင်းလူငယ်သင်တန်းများသည် ခေတ်အဆက်ဆက် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့ရာ ၂၀၁၄ ခုနှစ်မှစတင်၍ တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကကြီးမှူးကာ "လေကြောင်းလူငယ်" အမည်ဖြင့် သင်တန်းများကို စနစ်တကျပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သင်တန်းများခေတ္တရပ်နားခဲ့ရသော်လည်း ၂၀၂၃ ခုနှစ်တွင် ပိုမိုကျယ်ပြန့်သောအရှိန်အဟုန်ဖြင့် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အခြေခံလေကြောင်းလူငယ်သင်တန်းစခန်းများကို ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ မှော်ဘီ၊ မော်လမြိုင်၊ မြစ်ကြီးနား၊ နမ့်စန်၊ တောင်ကြီး၊ တောင်ငူ၊ ပြည်၊ မြိတ်၊ မကွေး၊ ဟုမ္မလင်း၊ ပုသိမ်၊ ကျိုင်းတုံနှင့် လားရှိုး စသည့်မြို့ပေါင်း ၁၅ မြို့ကျော်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တန်းမြင့်သင်တန်းများကိုမူ မိတ္ထီလာနှင့် မှော်ဘီမြို့များတွင် အထူးပြုသင်ကြားပေးခဲ့သည်၊ သင်တန်းကာလအတွင်း သင်တန်းသားလူငယ်များ ဒေသန္တရဗဟုသုတ တိုးပွားစေရန်အတွက် သက်ဆိုင်ရာဖွင့်လှစ်ပို့ချလျက်ရှိသောမြို့ကြီး၌ လေ့လာရေးများပို့ဆောင်ပေးသည့်အပြင် ရန်ကုန်နှင့် နေပြည်တော်သို့ ပြင်ပလေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခဲ့သည်။ ထို့ပြင် အဖွဲ့အစည်းစိတ်ဓာတ် မြင့်မားလာစေရန်နှင့် စုပေါင်းလုပ်ကိုင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ သင်တန်းစခန်းအလိုက်ပြိုင်ပွဲများကိုလည်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိသည်။

လေကြောင်းလူငယ်သင်တန်း၏ အထူးခြားဆုံးအစီအစဉ်တစ်ခုမှာ သင်တန်းနှစ်အလိုက် ထူးချွန်သင်တန်းသားများကို ရွေးချယ်ပြီး ယခင်က CH–601 အပေါ့စားလေယာဉ်ကို လက်တွေ့လိုက်ပါစီးနင်းခွင့်ပြုခဲ့သည်။ ယခုအခါတွင်မူ လေယာဉ်မောင်းသင်ကျောင်းရှိ ခေတ်မီလေယာဉ်/ရဟတ်ယာဉ်များဖြင့် လက်တွေ့လိုက်ပါစီးနင်းပျံသန်းခွင့်ပြုထားသည်။ ဤသို့ကိုယ်တိုင်ကိုယ်ကျပျံသန်းရခြင်းကြောင့် သင်တန်းသားများသည် လေယာဉ်များ၏ ပျံသန်းမှုအခြေခံသဘောတရားများကို လက်တွေ့ကျကျ နားလည်လာကြပြီး ပျံသန်းမှုအတတ်ပညာ၏ အနှစ်သာရနှင့်ပီတိကို ပြည့်ဝစွာခံစားရရှိစေသည်။

မြန်မာ့လေကြောင်းလူငယ်သင်တန်းသမိုင်းကြောင်းတစ်လျှောက် အစ္စရေးနိုင်ငံမှစတင်ခဲ့သော Glider စိတ်ကူးစိတ်သန်းသည် ဆယ်စုနှစ်ခုနှစ်ခုကျော်ကာလဖြစ်သည့် ယနေ့ ၂၀၂၆ ခုနှစ်သို့ ရောက်ရှိလာသောအခါ ခေတ်မီနည်းပညာများ၊ လက်တွေ့ကျသော လေ့ကျင့်မှုများနှင့်အတူ နည်းပညာအဆင့်ဆင့်မြင့်မားလာခဲ့ပြီး ယခုအခါ ခေတ်မီလေယာဉ်/ရဟတ်ယာဉ်များဖြင့်လက်တွေ့ပျံသန်းလေ့ကျင့်ပေးနိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ၁၉၅၄ ခုနှစ်မှ ယနေ့အထိ ခေတ်အဆက်ဆက် အမည်နာမများပြောင်းလဲခဲ့သော်လည်း **"နိုင်ငံတော်အတွက် အဖိုးတန်သော လေကြောင်းမျိုးဆက်သစ်များပျိုးထောင်ပေးရန်"** ဟူသည့် ရည်မှန်းချက်မှာ ပိုမိုခိုင်မာလာခဲ့သည်။ အတိတ်ကာလက စက်မဲ့လေယာဉ်ငယ်များမှသည် ယနေ့ခေတ် အဝေးထိန်းစနစ်သုံးလေယာဉ်များနှင့် အဆင့်မြင့်လေ့ကျင့်ရေးလေယာဉ်များအထိ လူငယ်များအတွက် လေ့လာသင်ယူခွင့်လမ်းကြောင်းများ ပွင့်လင်းလျက်ရှိသည်။ ဤသင်တန်းများသည် လူငယ်များအား နည်းပညာဗဟုသုတနှင့် ရဲစွမ်းသတ္တိများ ပေးစွမ်းနိုင်ရုံသာမက အမိနိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်မည့် အနာဂတ်လေသူရဲကောင်းများနှင့် လေကြောင်းပညာရှင်များဖြစ်လာစေရန် အကောင်းဆုံးသော မြေတောင်မြှောက်ပေးရာ နေရာတစ်ခုအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူလျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မည်ဖြစ်သည်။

ယနေ့တိုင် အစဉ်အလာမပျက် ဖွင့်လှစ်ပေးလျက်ရှိသော လေကြောင်းလူငယ်သင်တန်းများ၏ နောက်ကွယ်တွင် ရှေ့ဆောင်လမ်းပြဆောင်ရွက်ခဲ့ကြသူများနှင့် လက်ဆင့်ကမ်းအမွေခံယူကာ ဆက်လက်ဆောင်ရွက်ခဲ့ကြသူများ၏ ဖွဲ့လုံ့လနှင့် အမြော်အမြင်များရှိနေခဲ့သည်မှာ ငြင်းဖွယ်ရာမရှိပေ။ ဤလေကြောင်းလူငယ်သင်တန်းများသည် လူငယ်များ၏ ရဲစွမ်းသတ္တိနှင့် နည်းပညာဗဟုသုတကို မြှင့်တင်ပေးနိုင်ရုံသာမက နိုင်ငံတော်အတွက် အားကိုးထိုက်သော အနာဂတ်လေကြောင်းပညာရှင်များ ပေါ်ထွက်လာစေရန် အကောင်းဆုံးပျိုးထောင်ပေးလျက်ရှိသည့် ဂုဏ်ယူဖွယ်ရာသင်တန်းများပင် ဖြစ်ပါတော့သည်။

ကောင်းကင်ပြာကိုချစ်မြတ်နိုးပြီး စွန့်စားရဲသည့်စိတ်ဓာတ်ရှိသူလူငယ်များအတွက် နွေရာသီကျောင်းပိတ်ရက်ကာလများ၌ဖွင့်လှစ်သည့် "လေကြောင်းလူငယ်" သင်တန်းသို့တက်လှမ်းရင်း ကောင်းကင်ပြာအိပ်မက်များကို အတောင်ပံဖြန့်ကာ စတင်ပျံသန်းကြည့်ရန် အနာဂတ်ကြယ်ပွင့်များသို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ကယားတိုင်းရင်းသားတို့၏စုပေါင်းရိုးရာ ကေ့ထျိုးဘိုး (ခ) တံခွန်တိုင်ပွဲတော်ကျင်းပ



**လွိုင်ကော် ဧပြီ ၂၆**

ကယားပြည်နယ် လွိုင်ကော်မြို့ ထေးသမရပ်ကွက်ရှိ မော့ဒူဒီးဘိုးဟိုး (တံခွန်တိုင်ကွင်း)၌ ကယားတိုင်းရင်းသားတို့၏ စုပေါင်းရိုးရာ ကေ့ထျိုးဘိုး (ခ) တံခွန်တိုင်ပွဲတော်ကို ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားတိုင်းရင်းသားများက ဗုံမောင်းပလွေများအား တီးမှုတ်ပြီး ကေ့ထျိုးဘိုး (ခ) တံခွန်တိုင်တော်အား စုပေါင်းစိုက်ထူကြသည်။

ဆက်လက်၍ တံခွန်တိုင်အကြီးအကဲက ဆုတောင်းတိုင်တည်၍ တိုင်တော်အား ဂါရဝပြုကြကာ ဖိတ်ကြားထားသော ဧည့်သည်တော်များက ကျေးရွာအလိုက် လာရောက်ဂါရဝပြုကြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က အဖွင့်အမှာစကားပြောကြားပြီး ကေ့ထျိုးဘိုး(ခ) တံခွန်တိုင်ပွဲတော်အခမ်းအနားအတွက် ချီးမြှင့်ငွေအားပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကယားပြည်နယ် ကေ့ထျိုးဘိုး ရိုးရာဂေါပကအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမီရယ်မြင့်က အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။ **(၄၀၅)၊ မျိုးဇော်လင်း**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မော်လမြိုင်ကျွန်း ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ဈေးများ၌ ပွင့်လင်းရာသီတွင် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၅ ရက် ညနေပိုင်းတွင်အမှတ် (၅) ရပ်ကွက်မြို့မဈေးနှင့်အောင်သာယာဈေးတို့၌ ဆောင်ရွက်သည်။


ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် ဈေးဆိုင်နှင့် ဆိုင်ခန်းများတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားများကို စနစ်တကျထားရှိရန်၊ မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားရန်၊ မီးသတ်ဆေးဘူးများလုံလောက်စွာဆောင်ထားရန်တို့ကိုရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်သူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အသိပညာပေးခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဈေးသူ၊ ဈေးသားများက သိရှိလိုသည်များအားမေးမြန်းကြရာ မြို့နယ်မီးသတ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာန

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

### အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့်ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



### အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကိုအသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကိုဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင်အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့်အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသောပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့်အမွှေးတိုင် အစရှိသောပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့်လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများမပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများမပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟုသေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသောအဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲ အစရှိသောမီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦးသယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည် အထိပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ရွှေကောင်းမှုတော်စေတီ ထုံးသက်န်းဆက်ကပ်ပူဇော်လှူဒါန်းပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ရွှေဘုန်းမြင့်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲပြုလုပ်



မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေတုမာလာထံမှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အလှူရှင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက ကိုးပါးသီလနာယူဆောက်တည်ကြစဉ်။

**နေပြည်တော် ဧပြီ ၂၆**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်ဇေရန်အောင်သပြေတစ်ထောင်ကျောင်းတိုက်၌ ရွှေကောင်းမှုတော်စေတီ ထုံးသက်န်းဆက်ကပ်ပူဇော်လှူဒါန်းပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ရွှေဘုန်းမြင့်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းတိုက်ဝင်း အတွင်း၌ပြုလုပ်ရာ မြစ်ကြီးနားမြို့၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ရွှေကောင်းမှုတော်စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပြီး မြစ်ကြီးနားမြို့၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာထံမှ ကိုးပါးသီလနာယူဆောက်တည်၍ သံဃာတော်များမှ အန္တရာယ်ကင်း ပရိတ်တရားတော်မြတ်များအား ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် အရံစေတီထီးတော်များအား ဆရာတော် ဘဒ္ဒန္တကေတုမာလာထံသို့ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် ရွှေဘုန်းမြင့်စေတီတော်အား လက်ယာရစ်သုံးကြိမ်လှည့်လည်ပူဇော်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်အရန်စေတီထီးတော်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည်စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်အား ရွှေဘုန်းမြင့်စေတီတော်ကြီး၌ တင်လှူပူဇော်ခဲ့ပြီး ရတနာရွှေမိုးငွေမိုးများအား ရွာသွန်းခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)

**◆ ကျောဖုံးမှအဆက်**

အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနားစွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ **အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်**လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် စစ်တွေတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

**◆ ရှေ့ဖုံးမှအဆက်**

မြန်မာအမျိုးသားလေကြောင်းသည် အဆိုပါ L-410 လေယာဉ်ဖြင့် ယနေ့ နံနက် ၈ နာရီတွင် မြိတ်မြို့မှ ခရီးသည် ၁၄ ဦးတင်ဆောင်၍ ထားဝယ်သို့ ပျံသန်းထွက်ခွာခဲ့ရာ ၈ နာရီ ၄၅ မိနစ်တွင် ထားဝယ်သို့ ရောက်ရှိပြီး ထားဝယ်လေဆိပ်တွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခရီးစဉ်သစ်ပျံသန်းပြေးဆွဲမှုကို အခမ်းအနားဖြင့် ကြိုဆိုကြကာ အဆိုပါလေယာဉ်သည် နံနက် ၁၀ နာရီတွင် ထားဝယ်မှ ခရီးသည် ၁၆ ဦးတင်ဆောင်၍ မြိတ်မြို့သို့ ပျံသန်းထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီ ၅၂ မိနစ်တွင် ပြန်လည်ရောက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

မြဝတီ



## ၂၀၂၆ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# သီလဝါဆိပ်ကမ်းဇရိယာရှိ ခေတ်မီသိုလှောင်ရုံစီမံကိန်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှတာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တွေ့ဆုံ





ရန်ကုန် ဧပြီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဇရိယာရှိအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (Build-Operate-Transfer, BOT) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ခေတ်မီသိုလှောင်ရုံစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Myanma Agricultural & General Development Public Limited (MAGDPL) တို့မှ သီလဝါဆိပ်ကမ်းဇရိယာ အကွက်အမှတ်(၂၉)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သောခေတ်မီသိုလှောင်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက ခေတ်မီသိုလှောင်ရုံ လေးလုံးအနက် ပေ(၅၅၀ x ၁၅၀ x ၃၄ ) အရွယ်ရှိ တန်ချိန် ၂၅၀၀၀ သိုလှောင်နိုင်သည့် သိုလှောင်ရုံတစ်လုံး တည်ဆောက်ခြင်း၊ နောက်ခံမြေတွင် သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အပိုင်းလိုက်ဆက်လက်တည်ဆောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက အချိန်မီပြီးစီး၍ ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် နိုင်ငံ၏ အဓိက လယ်ယာထွက်ပို့ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် သိုလှောင်တင်ပို့နိုင်ရေးအတွက် စီမံထားသည့်အတိုင်း အပိုင်းလိုက် ဆက်လက်တည်ဆောက်သွားကြရန် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Myanmar International Terminal Thilawa(MITT)ဆိပ်ကမ်းတံတားသို့ ရောက်ရှိစစ်ဆေးပြီး MITT အစည်းအဝေးခန်းမ၌ သီလဝါဆိပ်ကမ်းဇရိယာရှိ BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများအား တွေ့ဆုံရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများကိုရှင်းလင်းတင်ပြကာ BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများက လက်ရှိဆိပ်ကမ်းဝန်ဆောင်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် တည်ဆောက်ရန်ကျန်ရှိသည့် BOT ဆိပ်ကမ်းတံတားများမှ ၎င်းတို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နှစ်စဉ်ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ပျမ်းမျှ ၇၀ ရာနှုန်းရှိသဖြင့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှု၏ အဓိက ဝင်/ထွက်ပေါက်ဖြစ်သော ရန်ကုန်နှင့် သီလဝါဇရိယာရှိ ဆိပ်ကမ်းတံတားများအပါအဝင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတစ်ခုလုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်ဆိပ်ကမ်း၏ ကုန်ကိုင်တွယ်ရရှိမှုပမာဏကို မြှင့်တင်နိုင်ရန် ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်းအပြင် နိုင်ငံ၏ မဟာဗျူဟာမြောက်ပထဝီဝင်အနေအထားကို အကျိုးရှိစွာအသုံးချပြီး အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်/သွင်းကုန်များကိုပါ သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်း-ရေနှစ်သွယ် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရန်လိုကြောင်း၊ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း(Transshipment)ဝန်ဆောင်မှုနှင့် နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Transit Trade)ဝန်ဆောင်မှုများကို ပေးနိုင်ရန် အဆင်သင့်ဖြစ်မှုအတွက် ဆိပ်ကမ်းတံတားများကို ဆက်လက်တိုးချဲ့တည်ဆောက်လုပ်ကိုင်ကြရန်လိုအပ်ပြီး နိုင်ငံ၏စွမ်းအင်လုံခြုံမှုအတွက်လည်း စက်သုံးဆီတံတားများနှင့် သိုလှောင်ကန်များကို မြေနေရာချထားပေးပြီးဖြစ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆက်လက်ရင်းနှီးမြှုပ်နှံတည်ဆောက်လုပ်ကိုင်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်းစွမ်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် အသွင်ကူးပြောင်းဆောင်ရွက်ကြရန်၊ စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ဆိုလာစနစ်ကိုအစားထိုးသုံးစွဲကြရန်နှင့် ဘက်ထရီစနစ်သုံးကုန်ကိုင်တွယ်စက်ကိရိယာများနှင့်ယာဉ်များကို ပြောင်းလဲအသုံးပြုကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည့်အပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းရှိ 1500 BHP Harbour Tug တွန်းဆွဲရေယာဉ် အသစ်တစ်စင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# သာကေတ (သွားနှင့်ခံတွင်းအထူးကုဆေးရုံ)၊ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းပြည်သူ့ဆေးရုံများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတ (သွားနှင့်ခံတွင်းအထူးကုဆေးရုံ) သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတ (သွားနှင့်ခံတွင်းအထူးကုဆေးရုံ)၌ ပိတ်ရက်မရှိ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တိုက်ရိုက်အကျိုးခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးနေသည့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးကုသခန်းများ၊ သွားတုပြုလုပ်သည့်ဌာနများနှင့် ခွဲစိတ်ခန်းများ၊ Digital Dentistry လုပ်ငန်းဆောင်ရွက်နေမှုများ၊ သာကေတအထူးကုဆေးရုံတွင် အရေးပေါ်ဆေးကုသမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ သာကေတဒေသန္တရကျန်းမာရေးဌာန၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မျှော်မှန်းလူ့သက်တမ်းတိုးမြင့်လာစေရေးနှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု (UHC) ရရှိရေး မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ဆေးကုသမှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထု တိုက်ရိုက်အကျိုးကျေးဇူးရရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများအတွက် နိုင်ငံတော်က လစာအပြင် ထပ်ဆောင်းချီးမြှင့်ငွေများ ထောက်ပံ့ပေးနေမှု၊ ဆောက်လုပ်ဆဲ ဆေးရုံအဆောက်အအုံသစ်အား စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ဆောက်လုပ်ပြီးစီးသည့် တိုးချဲ့နှစ်ထပ်ဆေးကုသဆောင်သစ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်နိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျား၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအသင်းမှ အဖွဲ့ဝင်များက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရန်ကုန် - မန္တလေး အမြန်လမ်းရှိ ဒုဋ္ဌဝတီတံတား အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့် လမ်း၊ တံတားများပြုပြင်ဆောင်ရွက်နေသည့် အခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် - မန္တလေးအမြန်လမ်း၏ မိုင်တိုင်အမှတ် (၃၆၆/၃) မှ (၃၆၁/၃)အကြားရှိမန္တလေး ငလျင်ကြီးကြောင့်ပျက်စီးသွားသောကွန်ကရစ်လမ်းများပြန်လည်ပြုပြင်ပြီးစီး၍ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေ၊ လမ်းဝဲ/ယာ မြေသားအမာခံရရှိရေးဆောင်ရွက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၃၆၀/၀)ရှိ မြစ်ဆွတ်ချောင်းတံတားသို့ရောက်ရှိရာ တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးစေရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေး၍ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၃၅၈/၁)ရှိ ဒုဋ္ဌဝတီတံတား(ပေ ၁၀၀၀) အသစ်ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန္တလေးမြို့သို့ တိုက်ရိုက်သွားလာနိုင်ရန်အတွက် ဒုဋ္ဌဝတီ တံတားတည်ဆောက်ပြီးစီးရန်လိုအပ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် တံတားပြိုကျပျက်စီး၍ လမ်းပန်းဆက်သွယ်မှုပြတ်တောက်နေသဖြင့် ခရီးသွားပြည်သူများ တံတားဦး-ပလိပ်လမ်းမှတစ်ဆင့်ပတ်၍ မန္တလေးမြို့သို့သွားလာနေရသောကြောင့် လေးလမ်းသွားတံတား ဆောင်ရွက်နေခြင်းတွင် အပြန်လမ်းဘက်မှ နှစ်လမ်းသွားတံတားကို ၂၀၂၆ ခုနှစ်ကုန်မတိုင်မီ ပြီးစီးအောင်တွန်းအားပေးဆောင်ရွက်၍ လမ်းပန်းဆက်သွယ်မှုရရှိအောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တံတားတည်ရှိသည့်နေရာသည် ပြင်းထန်သည့်လှုပ်ခါမှုကြောင့် အစိုင်အခဲမှရွံ့ညွန်ကဲ့သို့ ဂုဏ်သတ္တိပြောင်းလဲခြင်းဖြစ်စဉ် (liquefaction) ဖြစ်နိုင်ခြေများသော မြေအမျိုးအစားဖြစ်သောကြောင့် လိုအပ်သည့် တွက်ချက်မှုများလိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တံတားပြီးစီးသည်နှင့်တစ်ပြိုင်တည်း ရန်ကုန်မှမန္တလေးသို့ အမြန်လမ်းအတိုင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် လမ်းတစ်လျှောက်ရှိ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဟန်ချက်ညီစွာပြီးစီးစေရေး လမ်းပိုင်းအလိုက် တာဝန်ခံများနှင့် ညွှန်ကြားရေးမှူးချုပ်တို့က စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း မှာကြားကာ လုပ်ငန်းခွင်အတွင်း အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) မိုင်တိုင်အမှတ် (၃၅၅/၀)ရှိ ယုဇနတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် အသေးစိတ်ဆွေးနွေးမေးမြန်းပြီး လုပ်ငန်းခွင်အတွင်း လိုက်လံစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများသို့မှာကြားသည်။ ယခုတည်ဆောက်နေသော ယုဇနတံတားသည် အရှည်ပေ ၂၂၀ ရှိပြီး အကျယ် ၂၇ ပေ ရှိသော နှစ်လမ်းသွားတံတားဖြစ်၍ ၂၀၂၅ ခုနှစ် ဧပြီလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ပြီးစီးစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) အတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ လမ်းတစ်လျှောက်တွင် အမာခံလမ်းပခုံးများ ဆောင်ရွက်ပြီးစီးသည့် အခြေအနေ၊ လမ်းအင်္ဂါရပ်နှင့်ကိုက်ညီစေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ကုန်သွယ်မှုကဏ္ဍတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူလျင်မြန်စေရန် ဆောင်ရွက်ရမည်ဖြစ်



နေပြည်တော် မေ ၂၆

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တိုင်းဦးစီးမှူးရုံး စုပေါင်းခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏မိန့်ခွန်းများတွင်ပါရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များကို ဝန်ထမ်းများအနေဖြင့် လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး အင်တိုက်အားတိုက်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူလျင်မြန်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အားဖြစ်သည့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် အစွမ်းကုန်ကြိုးစားကြရန်လိုအပ်ကြောင်း။

ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ တစ်ဦးချင်းစီမှ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ရုံးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်မှ ချမှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများအား တိကျစွာလိုက်နာဆောင်ရွက်ကြရန်၊ ဌာနတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ကြရန်နှင့်ခေတ်စနစ်နှင့်အညီ e-Government လုပ်ငန်းစဉ်များကို ကျွမ်းကျင်စွာအသုံးပြုပြီး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အမြဲလေ့လာဆည်းပူးကြရန်တို့ကိုမှာကြားသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြဝတီ

# Naypyitaw State Academy ရှေ့မျက်နှာစာ၊ ဝဏ္ဏသိဒ္ဓိအဝိုင်းနှင့် ပျဉ်းမနား-တောင်ညိုလမ်းတစ်လျှောက် လမ်းဘေးဝဲ / ယာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

နေပြည်တော်ကောင်စီဝင်နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဦးဝင်းမိုးခိုင်နှင့်တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် Naypyitaw State Academy ရှေ့မျက်နှာစာ၊ ဝဏ္ဏသိဒ္ဓိအဝိုင်းနှင့်ပျဉ်းမနား-တောင်ညိုလမ်းတစ်လျှောက်လမ်းဘေးဝဲ/ယာပန်းခြံများ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြေယာရှုခင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယမြို့တော်ဝန်က ပန်းခြံများအတွင်း ကျွဲနွားများလွှတ်ကျောင်းမှုမရှိစေရေး၊ လမ်းဘေးဝဲ/ယာပန်းခြံများ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်နှင့်အရိပ်ရပင်များ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်၍ ထပ်မံစိုက်ပျိုးသွားရန်တို့ကို တာဝန်ရှိသူများကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို လျာထားတင်ပြကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# A total of 61 male members from PNLO group, who have come to accept the peace processes of the State and the Tatmadaw, return to the legal fold along with their arms and ammunition, and were systematically handed over to their parents or guardians

NAY PYI TAW April 26

The State government has been inviting individuals within various groups, including PDF, who are engaged in armed opposition, to return to the legal fold. It is also providing necessary assistance and support to those who have re-entered within the framework of the law.

As a result of these efforts, members of PDF groups have been re-entering the legal fold one group after another. At the same time, Tatmadaw columns have been able to systematically retake and control areas across regions and states that had been temporarily occupied by armed terrorist organizations and PDF groups. Consequently, local people, in support of stability and peace in their areas, have warmly welcomed and backed Tatmadaw members who are carrying out their duties at great personal risk. With strong public encouragement, support, trust, and cooperation alongside the Tatmadaw, members of terrorist groups have become demoralized and no longer willing to continue resistance. As a result, PDF members who wish to abandon the armed struggle, gain a correct understanding, and live peacefully have been reporting to officials at nearby military camps and re-entering the legal fold group by group, where they have been welcomed by responsible authorities in the respective areas.

Today, a ceremony to hand over the returnees to parents and guardians took place at Thanlwin Hall of the Eastern Command Headquarters, attended by Shan State Chief Minister U Sai Htein Soe, Commander of Eastern Command Brig-Gen Kyaw Naing Oo, officials, departmental officials, those returnees, their parents and guardians, and guests.



Officials inspect arms and ammunition handed over by the returnees.

The State Chief Minister spoke words of honour whereas the Commander explained necessary clarification to the returnee youth. The Commander of Shan State Police Force also shared legal knowledge with the returnees. The returnee handed over three pistols, 14 Type-81s, four M-16s, four M-22s, two M-79s, two MA-11s, one carbine, 42 assorted magazines, 2,219 rounds of ammunition, three mines, 15 grenades, 13 detonators and two walkie-talkies to the commander. The Shan State Chief Minister and the Commander rewarded a reward of Ks-2 million per pistol, totalling Ks-6 million for three pistols, Ks-5 million per automatic rifle totalling Ks-135 million for 27 automatic rifles, Ks-300,000 per grenade totalling Ks-4.5 million for 15 grenades, Ks-300,000 per mine totalling Ks-900,000 for three mines, Ks-200,000 per walkie-talkie totalling Ks-400,000 for two walkie-talkies, and Ks-100,000 for each returnee totalling Ks-6.1 million for 61 returnees. At the ceremony, the rewards amounted to Ks-152.9 million and aids. After that, those who had re-entered the legal framework were made to sign pledge agreements and were systematically handed over to their parents or guardians.

Subsequently, the Chief Minister of the State, the Commander, and responsible officials inspected the weapons and ammunition surrendered by those who had re-entered the legal framework, warmly welcomed and greeted the attendees, and hosted them with refreshments.

At today's ceremony, it is reported that a total of 61 male members of the PNLO—comprising 2 males from Taunggyi Township, 1 male from Nyaungshwe Township, 30 males from Hsihseng Township, 12 males from Pinlaung Township, 10 males from Maukme Township, and 6 males from Loikaw Township, all from southern Shan State—were handed over to their parents or guardians. These individuals had re-entered the legal framework, accepting and believing in the peace processes and genuinely desiring regional stability and tranquility.

Similarly, on April 24, it was previously announced that 517 individuals—470 men and 47 women—from various PDF-affiliated groups, including some members of the KIA, AA, and PLA terrorist organizations who had come to understand the state's peace processes and the true stance of the military, had abandoned the armed path and legally surrendered at the Central Military Command.

It is further understood that most of the armed group members and PDF-affiliated individuals who have re-entered the legal framework were people who had been forcibly conscripted through intimidation and coercion of their families and relatives. Their reasons for abandoning the armed path include: no longer being able to accept violent acts; experiencing oppression, killings, and sexual violence among themselves due to hierarchical discrimination within their own groups; being unable to resist the military's offensives and thus losing morale; and, in addition, believing in and accepting the state and military's peace processes, desiring to live peacefully within the legal framework, and wishing to repay the state and the public for the damages and losses caused by their actions.

Those who have re-entered the legal framework are being welcomed, provided with necessary assistance, and systematically handed over to their parents or guardians. It is reported that there remain individuals who wish to re-enter the legal framework. Those who desire to do so are encouraged to promptly contact and report to their nearest district or township administrative bodies, military camps, or police stations, where they will be welcomed and provided with necessary support. Additionally, appropriate rewards will be given for surrendered weapons and ammunition.

The following are the voices from the hearts of those who have re-entered the legal framework, as heard:

1.I am from Pinlaung Township, who came back to the legal fold from PNLO terrorist group. I joined the PNLO in 2024. I was recruited by Khun Tan (a) Has Laik of the group, and I was active at Bhanmat Village, Hsihseng Township. When I was in the terrorist group, I was subjected to an administration system that that oppress the weak among



its own members. Besides, life was hard and food was scarce. The worse is that we had to fled to the area near Htitaphay Village, when PNO launched area clearance operation at Bhanmat Village, Hsihseng Township. If I continue my stay in the PNLO, I might lose my life or being arrested. So, I

See Page - 19►►

►► From Page - 18

ran away and came back to the legal fold. When we came back to the legal fold, officials from Tatmadaw warmly welcomed and treated us like family members. So, we are very happy. In this regard, I believe that I made a right decision to return to the legal fold. I extend an invitation to youths who still remain in the jungles to join hands with us, come back to the legal fold at the Tatmadaw and pursue a peaceful life instead of ending their lives for nothing.

2. I am a Pa-O national and a native of Hsihseng Township. I am also someone who has come to surrender from the PNLO group. Before joining the terrorist group, I lived peacefully with my family. However, I ended up in the PNLO terrorist group because they recruited me to join their organization. During my time in the terrorist group, I was subjected to a system where the strong bullied the weak among fellow members. Accommodation and food were extremely difficult and harsh. I personally witnessed the terrorist groups arbitrarily arresting and killing local ethnic people who did not support them. Currently, because the State Government and Tatmadaw have invited peace, I believe in the State's peace process and wish to live peacefully. Returning to the legal fold, I was warmly greeted by responsible officers from the Tatmadaw and I was pleased that they accommodated us properly and treated us as if we were their family members. I would like to urge youths not to join terrorist groups by accepting untrue propaganda of terrorist groups and people abetting them on the social media and youths who are still in terrorist groups to return to the legal fold to live together with families as soon



as possible in the same way as I do with mine peacefully. **100**

# Ridge gourd trading booming at domestic market in Danubyu Township

DANUBYU April 26

Ridge gourds are being traded with high demand at the domestic market in Danubyu Township of Ayeyawady Region, said Daw Swe Swe, the owner of green grocery trading in Danubyu Township.


In Danubyu Township, locally produced ridge gourds are being actively traded at the wholesale vegetable market from the second week of January 2026 to the present, according to reports. At present, daily purchasing volumes have increased to between 45,000 and 60,000 gourds, with trading activity remaining strong. Prices are currently reported at up to Ks-27,500 per 100 gourds.

"Ridge gourds produced in this area are seeing strong demand from other townships," said Daw Swe Swe, a vegetable trader from Danubyu Township. "At present, daily trading volumes have reached as many as 60,000 gourds. These ridge gourds are locally grown in Danubyu Township and mainly supplied to the Yangon market. The ridge gourds currently trading well are of good quality. As they are locally produced, they are affordable, clean, and fresh food products for consumers. Buyers from other regions are sourcing ridge gourds from this wholesale market. With demand for these locally produced ridge gourds increasing, opportunities for vegetable growers have improved," she said.

It is also reported that Danubyu Township is currently in the peak season for locally produced seasonal vegetables, including ridge gourds. As demand and sales of ridge gourds continue to rise, preparations are underway to expand cultivation. As only locally produced crops are being traded, transportation costs are lower, and only fresh produce is sold, resulting in mutual benefits for producers and traders.

**SK**

# Farmers harvest all plantations of onions in Myinmu Township



MYINMU April 26

Statistics of Sagaing District Agriculture Department stated that local farmers harvested all plantations of onion in Myinmu Township of Sagaing Region.

During the winter cropping season in Myinmu Township, a total of 1,077 acres of onions were cultivated. Harvesting of the onion fields began in January this year, and as of today, harvesting has been completed on 100 percent of the cultivated acreage, with yields of more than 4,000 viss per acre, according to reports.

"During the winter cropping season in Myinmu Township, onions were cultivated on about 1,077 acres. At present, harvesting has been fully completed across all acres. Onion cultivation was also expanded beyond the targeted acreage. Efforts were made to help farmers obtain better prices in the onion market by facilitating market linkages," said Daw Myat Moe Win, District Staff Officer of the Sagaing District Department of Agriculture.

The Myinmu Township Department of Agriculture has been assisting onion farmers by facilitating market connections to help them obtain better prices, providing technical guidance on storage methods to extend the shelf life of onions, and supporting cultivation using Good Agricultural Practices (GAP) to ensure higher quality onion production.

It is reported that onion farmers invest about Ks-1.8 million per acre, with an average yield of around 5,000 viss per acre.

Onions are widely cultivated in Sagaing Region, with the largest cultivation areas found in Monywa, Yinmabin, ChaungU, Shwebo, and Myinmu townships.

**SK**

# More than 2,000 acres of black gram harvested in Shwebo Township

SHWEBO April 26

According to the Township Agriculture Department, local farmers harvested more than 2,000 acres of black gram in Shwebo Township of Sagaing Region this year.

In Shwebo Township, a total of 3,357 acres of black gram were cultivated during the winter cropping season. Harvesting of the planted black gram fields began in January this year, and to date 2,739 acres have been harvested, with an average yield of 19.10 baskets per acre, according to reports.

"During the winter cropping season in Shwebo Township, about 3,357 acres of black gram were planted. At present, more than 2,000 acres have already been harvested," said U San Oo, Township Officer of the Department of Agriculture in Shwebo Township.

In Shwebo Township, the Township Department of Agriculture has been providing awareness and technical assistance to black gram farmers, including access to locally suitable quality and pure seeds, proper cultivation methods, pest prevention, systematic use of fertilizers, and measures to improve crop yields.

During this year's winter cropping season, when various pulses were cultivated, the relevant Township Department of Agriculture also cooperated with farmers by providing quality seeds, agricultural inputs, and post-harvest technologies to help ensure better yield and quality of pulse crops.

**SMK**

# Trump evacuated from White House Correspondents' Dinner after security incident


WASHINGTON April 26

U.S. President Donald Trump has been evacuated from the White House Correspondents' Dinner after what appears to be a security incident at the event, according to a live broadcast on Saturday night.

Attendees were seen on the live broadcast ducking around their tables and taking cover. Multiple news outlets reported that gunshots were heard in the White House ballroom.

Organizers announced that the program will resume momentarily, but did not offer more details.

This would mark Trump's first time attending the White House Correspondents' Dinner. **Xinhua**




# Hijacked car explodes outside police station in Northern Ireland, no injuries

LONDON April 26

A hijacked car exploded on Saturday night outside a police station in Dunmurry, Northern Ireland, but no casualties were caused, local police said on Sunday.

A delivery driver's car was hijacked in west Belfast and a gas cylinder device was placed in the boot of the vehicle, before the driver was ordered to drive to Dunmurry police station and abandon the vehicle there, according to a statement by Police Service of Northern Ireland.

The device exploded, "engulfing the vehicle in flames and sending debris in all directions," when local residents were being evacuated.

An attempted murder investigation led by terrorism investigation unit has been launched, the statement said, adding that no one has been injured.

"This explosive device was sent to kill officers and cause maximum harm in an attack which was in the heart of a residential area," Brendan Mullan, the chair of Northern Ireland Policing Board, said on Sunday. "This is the second incident at a police station in recent weeks which is depressing."

On March 30, two masked men hijacked a car in Lurgan, south-west of Belfast, and placed an explosive device in the boot of the vehicle, according to local police.

The driver was ordered to drive to Lurgan Police Station, where he managed to escape, and ammunition technical officers carried out a controlled explosion of the "crude, but viable improvised explosive device."

Local police believed that it is "highly likely that dissident Republican groups are responsible" for the Lurgan incident. **Xinhua**

# 6 injured as Swiss flight suspends takeoff after engine catches fire at Delhi airport

NEW DELHI April 26

At least six passengers were injured early Sunday when a flight of the Swiss International Airlines had to suspend takeoff after one of its engines caught fire on one of the runways of Delhi's Indira Gandhi International Airport, the airport said.

All passengers had to be immediately evacuated.

The Delhi-Zurich flight was abandoned at around 01:08 am. local time. There were 232 people on board, and the injured passengers were later admitted to a local private hospital.

A full emergency was declared at Delhi Airport, said the airport's management in an official statement.

An online report by The Times of India quoted Swiss International Airlines as saying in a statement, "The aircraft involved is an Airbus A330 (HB-JHK). SWISS has established a task force. There were 228 passengers and 4 infants on board. The crew rejected the takeoff and, following an assessment of the situation, decided as a precaution to evacuate the aircraft." **Xinhua**

# Russia's Volodin delivers Putin's greetings to North Korea's Kim Jong-un

PYONGYANG April 26

Russian State Duma speaker Vyacheslav Volodin conveyed greetings from Russian President Vladimir Putin to North Korean leader Kim Jong-un on Sunday, while expressing gratitude for Pyongyang's support in liberating Russia's Kursk region.

Volodin arrived in North Korea for a working visit on Saturday. Representing Putin, he will attend the April 26 opening of the Museum of Military Exploits of the Heroes of the Foreign Military Operation and a memorial complex, honoring North Korean soldiers' bravery in freeing Kursk from Ukrainian forces.

"I convey greetings and best wishes from our President, Vladimir Vladimirovich Putin, along with congratulations on re-election as Chairman of State Affairs of the Democratic People's Republic of Korea," Volodin said at the meeting.

The relations between Putin and Kim "have become the cornerstone for shaping the future, particularly in the most challenging times," he said.

"It is a great honor for us to be in Pyongyang these days and participate in the opening of the Memorial Complex and Museum of Military Exploits of the Heroes of the Foreign Military Operation," Volodin added.

Russia will never forget the Korean soldiers' valor, the official said.

"Deepest gratitude to you, dear Comrade Kim Jong-un, to the Korean people for your fraternal support in liberating Kursk territory, when Korean soldiers fought alongside our soldiers and officers, liberating Russian land from the Ukrainian Nazis.," Volodin said.

Together, the nations pay tribute to those heroes who gave their lives for Russia's freedom—a true act of friendship, he said. **Sputnik**

# Major fire erupts at UK base used for US bombers

LONDON April 26

A large fire broke out at a Royal Air Force (RAF) base in west England on Sunday morning. In recent months, it was used by the US to launch operations against Iran, and was recently the target of anti-war protests.

According to the Gloucestershire Fire and Rescue Service, crews were called to RAF Fairford shortly after midnight on Sunday.

"The fire involved a single-story industrial storage building. It was brought under control safely and there were no casualties," the service said in a statement.

Videos circulating on social media show a large blaze above warehouse buildings visible from the street, with an enormous plume of smoke rising up into the night sky.

RAF Fairford houses USAF B52 and B1 bombers, and serves as a key European operations center for Washington. Hundreds of anti-war protesters rallied outside the base on Saturday, demanding



that the UK shut down military facilities used in the war on Iran.Authorities said preliminary data suggests the blaze was accidental. **RT**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 48 Reported speech 2

### Exercises

**48.2 Complete the sentences with say or tell (in the correct form). Use only one word each time.**

1 Anna said goodbye to me and left .
2 ....................us about your holiday. Did you have a nice time?
3 Don't just stand there!..................... something!
4 I wonder where Sue is. She....................... she would be here at 8 o'clock.
5 Dan................... me that he was bored with his job.
6 The doctor ..........................that I should rest for at least a week.
7 Gary couldn't help me. He......................... me to ask Chris.
8 Gary couldn't help me. He.......................... to ask Chris.
9 Don't ...........................anybody what I...................... . It's a secret just between us.
10 'Did Kate........................ you what happened?' 'No, she didn't........................... anything to me.'

**48.3 The following sentences are direct speech:**




**Now choose one of these to complete each of the sentences below. Use reported speech.**

1 Will was taking a long time to get ready, so I told him to hurry up .
2 Sarah was driving too fast, so I asked ............................................................................... .
3 Sue was nervous about the situation. I told ..................................................................... .
4 I couldn't move the piano alone, so I ................................................................................ .
5 The security guard looked at me suspiciously and ........................................................... .
6 The man started asking me personal questions, so I .................................................. .
7 Carl was in love with Maria, so he...................................................................................... .
8 I didn't want to delay Helen, so I ........................................................................................ .

**Additional exercise 25 ⟶ (page 316)**

## Unit 49 Questions 1

**A In questions the subject is usually after the first verb:**

subject + verb → verb + subject

| subject | verb | | verb | subject |
|---|---|---|---|---|
| Tom | will | — | will | Tom? |
| you | have | — | have | you? |
| the house | was | — | was | the house? |

- **Will Tom** be here tomorrow?
- **Have you** been working hard?
- When **was the house** built?

The subject is after the first verb:

- **Is Katherine** working today? (not Is working Katherine)

**Raymond Murphy**

# ငဖဲမြို့နယ် ဇီးတောကျေးရွာ၌ ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲနှင့် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲကျင်းပ

ငဖဲ ဧပြီ ၂၆


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ဇီးတောကျေးရွာ၌ (၁၅ ) ကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ၊ (၁၀)ကြိမ်မြောက် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇီးတောကျေးရွာဘုန်းတော်ကြီးကျောင်း မဟာကုသလကာရီ ဓမ္မဗိမာန်တော်ကြီး၌ ဧပြီလ ၂၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် သံဃာတော်များ၊ ဧည့်ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဇီးတောကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဇီးတောကျောင်းတိုက်ဆရာတော်က ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာ၍ လူတော်လူကောင်းများဖြစ်အောင် ကြိုးစားနေထိုင်ကြရန်၊ သင်ကြားပြီးခဲ့သည့် ကွန်ပျူတာပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ကောင်းစွာအသုံးချရန် မိန့်ကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ နွေရာသီယဉ်ကျေးလိမ္မာစာမေးပွဲ အဆင့်(၅) ဆင့်တွင် ဖြေဆိုအောင်မြင်ကြသော ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ ၁၅ ဦး၊ နှစ်သိမ့်ဆုရရှိသူ ၁၀ ဦး၊ ရိုးရိုးအောင်မြင်သူများနှင့် နည်းပြဆရာမများအတွက် ဂုဏ်ပြုဆုငွေများ၊ ဆုတံဆိပ်များ၊ အောင်လက်မှတ်များနှင့် ကွန်ပျူတာသင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများကို သင်တန်းနည်းပြဆရာများနှင့်ဆရာမများက အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါဇီးတောကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားပေးခဲ့သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွင် KG မှ Grade-9 အထိ ကျောင်းသား၊ ကျောင်းသူ ၇၆ ဦး၊ အခြေခံကွန်ပျူတာသင်တန်းတွင် ၃၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၁၁ ဦးတက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

မယု(ငဖဲ)




# ပန်းတနော်မြို့နယ်၌ ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



ပန်းတနော် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ငရုတ်သီးခြောက်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်မေ၏ပြောဆိုချက်အရ သိရသည်။

ပန်းတနော်မြို့နယ်၌ ယခုနှစ် ဧပြီလ ဒုတိယပတ်မှစ၍ ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်သည်။

"ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးခြောက်တွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ ဝယ်ယူလာတာကြောင့် အခုလိုအရောင်းအဝယ်ကောင်းမွန်လာတာပါ။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက ဆောင်းငရုတ်သီးအသစ်တွေဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းမွန်လာတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာပါတယ်။ ဒီနှစ် ငရုတ်သီးခြောက်က မနှစ်ကထက် ငရုတ်စိုက်သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းမွန်နေတာပါ"ဟု ဒေါ်တင်မေကပြောသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့်ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက်ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် စိုက်ပျိုးသူများ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# တာမွေမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက်ကောက်ယူခြင်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက်ရှိ သာသနာ့ဝေယျာဝစ္စဓမ္မာရုံ၌ ဧပြီလ ၂၅ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာမွေမြို့နယ် ဦးစီးမှူး ဦးအောင်ချမ်းငြိမ်းနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပုသိမ်ညွန့်ရပ်ကွက်အတွင်းနေထိုင်ကြသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက်ကောက်ယူခြင်းများကို ရက် ၁၀၀ စီမံချက်ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ရက် ၁၀၀ စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဇော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ထက်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာမွေမြို့နယ် အနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက် ကောက်ယူခြင်းများကို သက်ဆိုင်ရာမြို့နယ်ရုံး၌ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ယခုအခါ ရက် ၁၀၀ စီမံချက်ဖြင့် သက်ဆိုင်ရာရပ်ကွက်များအလိုက် ဝန်ထမ်းများက မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# ကြာအင်းဆိပ်ကြီးမြို့နယ် လွတ်ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကြာအင်းဆိပ်ကြီး ဧပြီ ၂၆

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွတ်ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဝေဖြိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ လွတ်ရှမ်းကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့်စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

လွတ်ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို ငွေကျပ် ၄၃ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဘိုဘို

# မြစ်ကြီးနားမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ရုံး၊ ဌာန၊ အများပြည်သူသွားလာရာနေရာများတွင် သစ်ပင်ကြီးများ၊ ဓာတ်တိုင်များ လဲကျခြင်း၊ သစ်ကိုင်းကျိုးကျခြင်းတို့ဖြစ်ပေါ်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ဖယ်ရှားရှင်းလင်း



မြစ်ကြီးနား မေ ၂၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယမန်နေ့ ည ၁၀ နာရီခွဲမှစတင်၍ ည ၁၁ နာရီအထိ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များရှိ သစ်ပင်များ၊ ဓာတ်တိုင်များလဲကျ၍ ရုံး၊ ဌာနများနှင့် အများပြည်သူများသွားလာရာနေရာများတွင် လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သဖြင့် ရှင်းလင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှစ၍ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကွင်းဆင်းကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် ဇော်ဂျွန်းလမ်းပေါ်ရှိ မန္တလေးဘုန်းတော်ကြီးကျောင်းအနီးတွင် မလေးရှားပိတောက်ပင်လဲကျ၍ ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း ဂိတ်ပေါက်၌ လုံခြုံရေးအဆောက်အအုံအပေါ် တမာပင်လဲကျမှုကြောင့် မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ရုံးဝင်းအတွင်းရှိ သစ်ပင်ကြီးများပါ ခုတ်ထွင်ရှင်းလင်းထားရှိရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်အားကစားကွင်း အရှေ့ဘက်ရှိ ညာဘက်ခြမ်းပွဲကြည့်စင် အမိုး (အလျားပေ ၁၅၀၊ အနံပေ ၄၀)ရှိ အမိုးအချပ်လိုက် ကားလမ်းမကျော်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအတွင်း ကျရောက်ခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရောဝတီကရုဏာဖောင်ဒေးရှင်း၊ ရွှေမေတ္တာလူမှုကူညီရေးအဖွဲ့စသည့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှဝန်ထမ်းများက တက်ကြွစွာဖယ်ရှားရှင်းလင်းပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများက အဖွဲ့အစည်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးမှူးရုံးရှေ့ ဇော်ဂျွန်းလမ်းမပေါ်တွင် လျှပ်စစ်ဓာတ်တိုင်လဲကျနေမှုကို လျှပ်စစ်ဝန်ထမ်းများနှင့် ဘူးဂါးကုမ္ပဏီမှဝန်ထမ်းများ အစားထိုးပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ချီးမြှင့်ငွေများကိုပေးအပ်သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရောရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းအကြားရှိ သစ်ပင်ကြီးလဲကျခြင်း၊ ရောရပ်ကွက်အတွင်းရှိ ဝန်ထမ်းအိမ်ရာတွင် သစ်ပင်ကြီးလဲကျခြင်း၊ ရန်ကြီးအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး အိမ်စီးကားတစ်စီးအပေါ် အပင်လဲကျခြင်းတို့ဖြစ်ပေါ်ခဲ့သည့်အပြင် မြို့ပေါ်ရပ်ကွက်များတွင်လည်း သစ်ပင်ကြီးများလဲကျခြင်းများဖြစ်ပေါ်ခဲ့ပြီး အလားတူ မိုးကောင်းမြို့နယ်အတွင်း နမ္မတီး၊ မိုးကောင်းတို့တွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် အပင်ကြီးများလဲကျခြင်းနှင့်အတူ အဆောက်အအုံများ ထိခိုက်ခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

## နည်းပညာတက္ကသိုလ်(မော်လမြိုင်)၌ Polytechnic University ဖွင့်လှစ်နိုင်ရေး မွန်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

မော်လမြိုင် မေ ၂၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(မော်လမြိုင်) ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အရည်အသွေးမီ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် Polytechnic University များ တည်ထောင်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းစဉ်များကိုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Polytechnic University(မော်လမြိုင်) တည်ဆောက်မည့်နေရာနှင့် ဘောလုံးကွင်းဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်၌ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ကိုဆရာအတတ်ပညာတက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေး၊ ဆရာအရည်အသွေးမြှင့်တင်ရေး၊ တက္ကသိုလ်အင်္ဂါရပ်များပြည့်စုံရေးမှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၆)

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

## မကွေးတိုင်းဒေသကြီးအတွင်း MSME ကဏ္ဍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရမည်



မကွေး မေ ၂၆

မကွေးတိုင်းဒေသကြီး ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များအား မူဝါဒလမ်းညွှန်ချက်များကို Video Conferencing ဖြင့် ရှင်းလင်းမှာကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကဏ္ဍအလိုက်သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများနှင့် ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများကို တာဝန်ပေးအပ်ထားပြီးဖြစ်သည့်အတွက် အောင်မြင်အောင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း MSME ကဏ္ဍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(One Region One Product) အဖြစ် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် MSME ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်စေရေးအတွက် မြေပဲနှင့် နှမ်းအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များကို တွင်တွင်ကျယ်ကျယ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စားသောက်ကုန်သင်တန်းများဖွင့်လှစ်ပို့ချရန်၊ ကုန်ကြမ်းဖူလုံစွာရရှိနိုင်စေရန်၊ ပြည်တွင်းပြည်ပဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက ဒေသဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဆွေးနွေးမှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

# ရက်ပေါင်း ၄၀ ကြာ စစ်ပွဲအတွင်း သေဆုံးသူ ၄၅ ရာခိုင်နှုန်းမှာ အရပ်သားများဖြစ်ဟု အီရန်ဆို

တီဟီရန်၊ ပဋ္ဌီပက္ခ

အစ္စရေး၊ အမေရိကန်တို့နှင့် ရက်ပေါင်း ၄၀ ကြာဖြစ်ပွားသည့် စစ်ပွဲအတွင်း သေဆုံးသူစုစုပေါင်း၏ ၄၅ ရာခိုင်နှုန်းနီးပါးမှာ အရပ်သားများဖြစ်ကြောင်း အီရန်နိုင်ငံပိုင် သတင်းဌာနက ဧပြီလ ၂၆ ရက်တွင် ထုတ်ပြန်သည်။ စစ်ပွဲအတွင်း လူပေါင်း ၃၄၆၈ ဦး သေဆုံးပြီး အရပ်သား ၁၄၆၀ ပါဝင်ကြောင်း အီရန်တာဝန်ရှိသူများက ပြောသည်။

သေဆုံးသူများမှာ အမျိုးသမီး ၄၉၉ ဦး နှင့်အမျိုးသား ၂၉၆၉ ဦးဖြစ်ပြီး စစ်ဘက်မှသေဆုံးသူအရေအတွက်မှာ ၂၀၀၈ ဦး ရှိကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်တွေ့ရသည်။ သေဆုံးခဲ့ရသည့် အရပ်သားများတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် လက်ဘနွန်၊ ပါလက်စတိုင်း၊ အီရတ်နှင့် ပါကစ္စတန်နိုင်ငံသားများလည်း ပါဝင်နေသည်။

ဖေဖော်ဝါရီလ ၂၈ ရက်တွင် အစ္စရေးနှင့် အမေရိကန်တို့က အီရန်ကို ပူးပေါင်းတိုက်ခိုက်ခဲ့ရာမှစတင်သည့် အဆိုပါစစ်ပွဲအတွက် အပစ်အခတ်ရပ်စဲရေးကို ဧပြီလ ၈ ရက်တွင် ရရှိခဲ့သော်လည်း နောက်ဆက်တွဲ ဆွေးနွေးမှုများမှာ သဘောတူညီချက်တစ်စုံတစ်ရာ မရရှိဘဲပြီးဆုံးခဲ့ကြောင်း သိရသည်။

Ref: Xinhua

# မာလီအကြမ်းဖက်တိုက်ခိုက်မှုတွင် အနောက်အုပ်စုအနေဖြင့် ပါဝင်ပတ်သက်နေနိုင်ကြောင်း ရုရှားသတိပေး



မော်စကို၊ လုံခြုံရေး

မာလီနိုင်ငံ မြို့တော်ဗာမာကိုရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် စစ်ဘက်ဆိုင်ရာနေရာများကိုပစ်မှတ်ထားသည့် အကြီးစားအကြမ်းဖက်တိုက်ခိုက်မှုတွင် အနောက်နိုင်ငံများမှလုံခြုံရေးဌာနများ ပါဝင်ပတ်သက်နေနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီလ ၂၆ ရက်တွင် သတိပေးသည်။

အဆိုပါတိုက်ခိုက်မှုကို အယ်ကိုင်ဒါနှင့် ဆက်နွယ်သည့် JNIM အဖွဲ့နှင့် တူအာရဂ်ခွဲထွက်ရေးအဖွဲ့က လုပ်ဆောင်ခြင်းဖြစ်ပြီး မာလီတပ်ဖွဲ့များက ပြန်လည်တွန်းလှန်နိုင်ခဲ့ကြောင်း ဧပြီလ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါတိုက်ခိုက်မှုတွင် အနောက်နိုင်ငံထုတ်လက်နက်များကိုင်ဆောင်ထားသည့် ယူကရိန်းနှင့် ဥရောပကြေးစားစစ်သားများ ပါဝင်ကူညီခဲ့ကြောင်း ရုရှား၏အာဖရိကတပ်ဖွဲ့ကအတည်ပြုသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်သမား ၁၀၀၀ ခန့်သေဆုံးပြီး ယာဉ်အစီးရေ ၁၀၀ ကျော် ပျက်စီးသည်ဟု ဆိုသည်။

မာလီတာဝန်ရှိသူများက သေဆုံးသူစာရင်းကို တရားဝင်ထုတ်ပြန်ထားခြင်းမရှိသော်လည်း ကာကွယ်ရေးဝန်ကြီး၏နေအိမ်တိုက်ခိုက်ခံရမှုတွင် ဝန်ကြီးသေဆုံးသွားသည်ဟူသောသတင်းများ ထွက်ပေါ်နေသည်။

ပြင်သစ်အနေဖြင့် ၎င်းတို့သဘောမကျသည့် အစိုးရများကိုဖြုတ်ချရန် အကြမ်းဖက်အုပ်စုများကိုအသုံးချနေကြောင်းနှင့် မာလီနိုင်ငံသည် ရုရှားနှင့် နီးကပ်သည့်ဆက်ဆံရေးရှိလာခြင်းကြောင့် ပြင်သစ်က အကြမ်းဖက်သမားများကို ထောက်ပံ့နေခြင်းဖြစ်ကြောင်း ရုရှားအစိုးရကယူဆထားသည်။

Ref: RT

# ရုရှားမှ Progress MS-34 ကုန်တင်အာကာသယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်

မော်စကို၊ အာကာသ

ရုရှားက Progress MS–34 ကုန်တင်အာကာသယာဉ်ကို ကာဇက်စတန်နိုင်ငံရှိ Baikonur အာကာသယာဉ်လွှတ်တင်ရေးစခန်းမှတစ်ဆင့် နိုင်ငံတကာအာကာသစခန်းသို့ ဧပြီလ ၂၆ ရက်တွင် လွှတ်တင်လိုက်ပြီဖြစ်သည်။ အဆိုပါအာကာသယာဉ်ကို Soyuz-2.1a သယ်ဆောင်ရေးဒုံးပျံဖြင့် လွှတ်တင်ခြင်းဖြစ်ပြီး အာကာသစခန်းအတွက် လိုအပ်သည့် လောင်စာ၊ အစားအစာ၊ ရေ၊ အောက်ဆီဂျင်၊ သိပ္ပံစက်ကိရိယာများနှင့် အာကာသဝတ်စုံများအပါအဝင် စုစုပေါင်း ကုန်ပစ္စည်းတန်ချိန် ၂ တန်ခွဲကျော်ကို တင်ဆောင်သွားခြင်းဖြစ်သည်။

ဒုံးပျံသည် မော်စကိုစံတော်ချိန် နံနက် ၁ နာရီ ၂၂ မိနစ်တွင် ပျံတက်သွားခြင်းဖြစ်ပြီး အာကာသယာဉ်သည် ဒုံးပျံတတိယအဆင့်မှအောင်မြင်စွာခွဲထွက်ကာ သတ်မှတ်ပတ်လမ်းအတွင်းသို့ ရောက်သွားပြီဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်းက ပြောသည်။ အာကာသယာဉ်သည် ဧပြီလ ၂၈ ရက်တွင် နိုင်ငံတကာအာကာသစခန်းရှိ ရုရှားပိုင် Zvezda ဝန်ဆောင်မှု မော်ဂျူးသို့ ဆိုက်ကပ်မည်ဖြစ်သည်။

Ref: Xinhua

# အစ္စရေးက လက်ဘနွန်တောင်ပိုင်းကိုတိုက်ခိုက် လူအမြောက်အမြား နေရပ်စွန့်ခွာတိမ်းရှောင်နေရ

ဘေရွတ်၊ စစ်ရေး

အစ္စရေးက လက်ဘနွန်တောင်ပိုင်းဒေသများကို လေကြောင်းနှင့် အမြောက်များဖြင့် တိုက်ခိုက်ခဲ့ရာ ဒေသခံအမြောက်အမြားမှာ နေရပ်စွန့်ခွာတိမ်းရှောင်နေရကြောင်း လက်ဘနွန်အမျိုးသားသတင်းဌာနက ဧပြီလ ၂၆ ရက်တွင် ဖော်ပြထားသည်။ အစ္စရေးသည် လက်ဘနွန်ကျေးရွာ ၇ ရွာမှ ဒေသခံများအား နေအိမ်များမှ ထွက်ခွာပေးရန် သတိပေးပြီး အယ်မန်ဆူရီဒေသတွင်လည်း ဘေးလွတ်ရာရှောင်တိမ်းရန် လက်ကမ်းစာစောင်များကြဲချခဲ့သည်ဟု အစ္စရေးစစ်ဘက်မှပြောရေးဆိုခွင့်ရှိသူကပြောသည်။

ထိုတိုက်ခိုက်မှုများသည် အမေရိကန်-အစ္စရေးနှင့် အီရန်တို့ကြား ဖြစ်ပွားခဲ့သည့် စစ်ပွဲများနှင့်ဆက်စပ်၍ ဧပြီလ ၁၇ ရက်တွင် အပစ်အခတ်ရပ်စဲရေးရရှိထားသည့်ကြားမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# အိမ်ဖြူတော်သတင်းထောက်များအသင်း ညစာစားပွဲတွင် ထရမ့်ကိုပစ်မှတ်ထားသည့် ပစ်ခတ်မှုဖြစ်ပွား




ဝါရှင်တန်၊ ပြည်တွင်းရေး

အိမ်ဖြူတော်သတင်းထောက်များအသင်း ညစာစားပွဲတွင်အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ပစ်မှတ်ထားသည့်ပစ်ခတ်မှုတစ်ခု ဧပြီလ ၂၅ ရက် ညပိုင်းတွင်ဖြစ်ပွားသည်။ ဝါရှင်တန်ဟီတန်ဟိုတယ်လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် အမျိုးသားတစ်ဦးက လုံခြုံရေးအေးဂျင့်တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး သံသယရှိသူကို ဖမ်းဆီးရမိထားကြောင်း အစိုးရရှေ့နေချုပ်က ဧပြီလ ၂၆ ရက်တွင်ပြောသည်။

သံသယရှိသူသည် ကယ်လီဖိုးနီးယားပြည်နယ်သား အသက် ၃၁ နှစ်ရှိ ကိုးတောမတ်အယ်လန်ဖြစ်ပြီး ၎င်းသည် လေ့ဘ်အိန်ဂျလိမှတစ်ဆင့် ဝါရှင်တန်သို့ရထားဖြင့် လာရောက်ခြင်းဖြစ်သည်။ ပစ်ခတ်မှုဖြစ်ပွားချိန်တွင် သမ္မတထရမ့်နှင့်ဇနီးတို့ကို အခမ်းအနားမှ အရေးပေါ်ခေါ်ထုတ်သွားခဲ့ပြီး ပစ်ခတ်ခံရသည့် လုံခြုံရေးအေးဂျင့်မှာ ကျည်ကာအင်္ကျီကြောင့် အသက်ဘေးမှလွတ်မြောက်ခဲ့ကာ ဆေးရုံမှ ဆင်းခွင့်ရရှိသွားပြီဖြစ်သည်။

သံသယရှိသူထံမှ ပြောင်းတိုသေနတ်၊ ပစ္စတိုနှင့် ဓားအမြောက်အမြား သိမ်းဆည်းရမိပြီး ၎င်းကို အစိုးရအရာရှိကိုလုပ်ကြံရန် ကြိုးပမ်းမှုအပါအဝင် ပုဒ်မများစွာတပ်ပြီး တရားစွဲဆိုသွားမည်ဖြစ်သည်။ ယခုဖြစ်စဉ်သည် ၂၀၂၄ ခုနှစ်နောက်ပိုင်း ဒေါ်နယ်ထရမ့်ကိုလုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းသည့် တတိယမြောက်ဖြစ်စဉ်ဖြစ်ကြောင်းသိရသည်။

Ref: AGC

# ဖိလစ်ပိုင်၌ ကွန်မြူနစ်စခန်းတစ်ခုကို ဝင်ရောက်စီးနင်း အမေရိကန်နိုင်ငံသားနှစ်ဦးအပါအဝင် ၁၉ ဦးသေဆုံး

မနီလာ၊ ပြည်တွင်းရေး

ဖိလစ်ပိုင်နိုင်ငံရှိ ကွန်မြူနစ်သူပုန်စခန်းတစ်ခုကို စစ်ဘက်ကဝင်ရောက်စီးနင်းရာ အမေရိကန်နိုင်ငံသားနှစ်ဦးအပါအဝင် စုစုပေါင်း ၁၉ ဦးသေဆုံးကြောင်း အစိုးရက ဧပြီလ ၂၆ ရက်တွင်ထုတ်ပြန်လိုက်သည်။ နီဂရော့စ်ကျွန်းပေါ်ရှိ ကြံစိုက်ပျိုးရေးဒေသတစ်ခု၌ ဧပြီလ ၁၉ ရက်တွင်ဖြစ်ပွားသောတိုက်ခိုက်မှုကြောင့် ဒေသခံ ၃၀၀ ကျော် နေရပ်စွန့်ခွာထွက်ပြေးရသည်ဟုထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

စစ်ဘက်၏ချေမှုန်းခံရသူများထဲတွင် အမေရိကန်နိုင်ငံသားများဖြစ်သည့် လိုင်လီပရိုင်ဂျီနှင့် ကိုင်ဒါနာဂုဆိုရစ်တို့ ပါဝင်ပြီး ၎င်းတို့သည် ကွန်မြူနစ်စခန်းချေမှုန်းခြင်းမခံရမီတစ်လခန့်ကမှ ထိုဒေသသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုတွင် အစိုးရဘက်မှ စစ်သည်တစ်ဦးသာဒဏ်ရာရရှိပြီး သေဆုံးသူ ၁၉ ဦးစလုံးမှာ နှစ်ပေါင်း ၆၀ နီးပါး လက်နက်ကိုင်တော်လှန်ပုန်ကန်နေသည့် New People's Army (NPA) အဖွဲ့ဝင်များဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရ၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ပစ်ခတ်မှုအတွင်း သေဆုံးသူများတွင် နိုင်ငံခြားသားများ ပါဝင်ပတ်သက်နေမှုနှင့် ပတ်သက်၍ဒေသတွင်းကွန်မြူနစ်လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးလုပ်ငန်းအဖွဲ့က အထူးစုံစမ်းရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ဟုသိရသည်။

Ref: ST



# နတ်တလင်းခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်နတ်တလင်းခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်တလင်းမြို့နယ် ရွာသာကုန်းကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်း(၁) မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းဧက ၄၀ အောင်မြင်ဖြစ်ထွန်းနေမှု၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာစုပေါင်းကြဲပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ သဘာဝမြေဩဇာ ကိုယ်တိုင်ပြုလုပ်၍ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရန်၊ ဒေသနွားမွေးမြူရေး၊ သဘာဝရွက်ဖျန်းမြေဩဇာသုံးစွဲနိုင်ရေးနှင့် လာမည့်မိုးစပါးရာသီတွင် တန်ဖိုးမြင့်ပေါ်ဆန်းစပါး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်တလင်းမြို့ ရွှေလင်းခန်းမ ဘက်စုံအဆင့်မြှင့်တင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူနှင့် သက်ဆိုင်သည့် အခမ်းအနားများဆောင်ရွက်ရန်၊ ခန်းမနှင့်ခန်းမအတွင်းရှိပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးထိန်းသိမ်းပြုပြင်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအားမှာကြားသည်။



ယင်းနောက်နတ်တလင်းမြို့နယ်ကံသာကျေးရွာ၌ EM ဘိုကာရှီမြေဆွေးပြုလုပ်ရောင်းချနေမှုကိုကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကာ မြို့နယ်အလိုက် သဘာဝမြေဩဇာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်၍ သက်သာသောနှုန်းထားဖြင့် ရောင်းချနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ်ရှိ မင်းခန့်ကျော်လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကာ နေပြည်တော်၌ ကျင်းပခဲ့သည့်ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန် ပြပွဲ/ပြိုင်ပွဲတွင် ဈေးကွက်ရရှိခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ မှာယူနေသည့်အတွက် သီးနှံမျိုးစုံခြွေလှေ့စက်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကာ လယ်ယာသုံးစက်ကိရိယာများသက်သာသောနှုန်းထားဖြင့် ဆက်လက်ထုတ်လုပ်ရန်နှင့် ဆန်းသစ်တီထွင်ထုတ်လုပ်မှုများဆောင်ရွက်နိုင်ရေး နည်းပညာနှင့် ချေးငွေရရှိရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မဝ)

# ဓနုဖြူမြို့မဈေးမီးလောင်မှုအား ငြိမ်းသတ်မှုနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ကြည့်ရှုစစ်ဆေး

**ပုသိမ် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ မြို့မဈေးကြီး၌ ယနေ့နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက မီးငြိမ်းသတ်နေမှုနှင့် မီးလောင်ပျက်စီးဆုံးရှုံးမှုအခြေအနေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဈေးသူ၊ ဈေးသားများနှင့်တွေ့ဆုံပြီး ပုံကျဈေးဖွင့်လှစ်နိုင်ရေး၊ ယာယီဈေးတည်ဆောက်ဖွင့်လှစ်ရေး၊ ဈေးအသစ်ပြန်လည်တည်ဆောက်ရေးကိစ္စရပ်များကို ဆွေးနွေးကာ ဈေးသူ၊ ဈေးသားများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓနုဖြူမြို့မဈေး မီးငြိမ်းသတ်မှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဈေးတာဝန်ခံရုံးတွင် တာဝန်ရှိသူများ၊ ဈေးသူ၊ ဈေးသားများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဈေးကြီးအတွင်းရှိ ဈေးရုံ၊ ဆိုင်ခန်းပေါင်းနှင့် မီးလောင်ပျက်စီးဆုံးရှုံးမှု၊ ယာယီဈေးဖွင့်လှစ်နိုင်ရေးနှင့် ဈေးသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာယီဈေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးသစ်မတည်ဆောက်မီနှင့် ယာယီဈေးမဖွင့်လှစ်နိုင်သေးသည့်ကာလအတွင်း ပြည်သူများရောင်းဝယ်မှုအဆင်ပြေစေရန် ပုံကျဈေးကို ရက်ပိုင်းအတွင်းဖွင့်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ယာယီဈေးတည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပသည်။

ဆုပေးပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အသင်းနှင့် ကလောခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တောင်ကြီးခရိုင်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုရရှိသူများ၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကိုလည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသော တောင်ကြီးခရိုင်အမျိုးသားဘော်လီဘောအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**




**❐ ကျောဖုံးမှအဆက်**

အုပ်စု(ဂ)ပွဲစဉ်များကို ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ် တောင်ကြီးမြို့တွင်လည်းကောင်း၊ အုပ်စု(ဃ)ပွဲစဉ်များကို ဧရာဝတီတိုင်းဒေသကြီးက အိမ်ရှင်အဖြစ် ပုသိမ်မြို့တွင်လည်းကောင်း လက်ခံကျင်းပမည်ဖြစ်သည်။

ထို့နောက် ကွာတားဖိုင်နယ်မှ ဗိုလ်လုပွဲအဆင့်အထိ ပွဲစဉ်များကို ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်း၊ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာကွင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်းနှင့် ဗိုလ်လုပွဲစဉ်ကို သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်းတို့၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ဝန်းရံခ**

## ၂၆-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၈˚c |
| ရန်ကုန် | ၂၅˚c | / | ၃၉˚c |
| မန္တလေး | ၂၄˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဒသမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကျင်းပ



**ရန်ကုန် ဧပြီ ၂၆**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ကကြီးမှူးကျင်းပသည့် ဂေါပက အဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာ ပြည်သူများ၏ ဒသမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျ သဘာပတိ ဂေါပကအဖွဲ့ဝင် ဦးတင်ရှိန်က သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဝမ်းသာပီတိစကားပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာနမှ ဒေါက်တာသန္တာက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာ သွေးအလှူရှင်ပြည်သူများ အား အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများ က သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေး ဆိုင်ရာများစစ်ဆေးပေးခြင်းတို့ကို ကူညီ ဆောင်ရွက်ပေးကြသည်၊ ထို့နောက်ဂေါပက အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ဂေါပက ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာသွေး အလှူရှင်များ၏သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့သွေးလှူဒါန်းကြသည့် သွေးလှူ ရှင်များကို စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ တီရှပ်အင်္ကျီများ၊ အအေး၊ ကြက်ဥ၊ နွားနို့ စသည့်အာဟာရဖြည့် အစားအစာများ၊ အမျိုးသားသွေးလှူဌာနမှ သံဓာတ်အားဆေးစသည်တို့ကို ပေးအပ် လှူဒါန်းခဲ့ကြောင်းသိရသည်။

**လင်းခန့်**

# ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**သထုံ ဧပြီ ၂၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်း သန်း၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သထုံမြို့ ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)သို့သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပါမောက္ခချုပ်ဒေါက်တာ နီလာသိန်းက တက္ကသိုလ်ဆိုင်ရာအချက် အလက်များနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အတွက် ကျောင်းသား၊ ကျောင်းသူ အဆောင်၊ ဝန်ထမ်းအိမ်ရာ၊ စာသင်ဆောင် လိုအပ်ချက်၊ လျာထားပြီးလုပ်ငန်းအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေ ဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြုဆွေးနွေးကြပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာတက္ကသိုလ်(သထုံ) သုံးထပ် စာသင်ဆောင်၊ ရှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ နေရာနှင့်ကျောင်းသား၊ ကျောင်းသူအဆောင် တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန် ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ ပဋ္ဌာန်ရိချမ်းမြေ့စည်လောကီလောကုတ္တရာ ပညာသင်ကြားရေး သီလရှင်ကျောင်း တိုက်သို့သွားရောက်၍ အဆိုပါကျောင်း တိုက်ရှိသီလရှင်ဆရာမကြီး သဒ္ဓမ္မဓဇာတိက ဓဇ ဒေါ်ဣန္ဒစာရီနှင့် ဆရာကြီး၊ ဆရာလေး တို့အားသွားရောက်ဖူးမြော်၍ သာသနာ ရေးဆိုင်ရာကိစ္စရပ်များတင်ပြဆွေးနွေးပြီး လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း ခဲ့ကြောင်းသိရသည်။

**ဥသာတိုင်းသား**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၄-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၆၆၈ | ၄၈၅၅ | ၄၇၉၅ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၆၅ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၀၅ | ၄၈၉၅ | ၄၈၄၅ | ၄၈၄၅ | ၅၀၆၀ |
| 95 Ron | ၄၉၀၉ | ၅၀၉၀ | ၅၀၃၀ | ၄၉၂၀ | ၅၀၉၅ | ၅၁၀၅ | ၅၁၅၅ | ၅၀၀၀ | ၅၁၅၅ | ၅၄၇၅ | ၅၀၂၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၈၀ | ၅၀၈၅ | ၅၂၉၅ |
| HSD (500 ppm) | ၅၇၅၂ | ၅၉၃၀ | ၅၈၇၀ | ၅၇၆၅ | ၅၉၃၀ | ၅၉၄၀ | ၅၉၉၀ | ၅၈၄၅ | - | ၆၂၉၅ | ၅၈၆၅ | ၆၂၇၀ | ၅၉၆၅ | ၅၉၂၀ | ၅၉၂၀ | ၆၁၂၀ |
| HSD (50 ppm) | ၇၀၁၂ | ၇၂၀၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | ၇၂၇၀ | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |
| HSD (10 ppm) | ၇၀၁၂ | ၇၂၀၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၂၈ | ၄၅၅၂ |
| 95 Ron | ၄၆၆၀ | ၄၇၈၇ |
| HSD (500 ppm) | ၅၄၉၅ | ၅၆၃၅ |
| HSD (50 ppm) | ၆၇၀၂ | ၆၈၆၆ |
| HSD (10 ppm) | ၆၇၀၂ | ၆၈၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘောအသင်း ကြေးတံဆိပ်သုံးခုရရှိ

**ရန်ကုန် ဧပြီ ၂၆**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၆)ကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲတွင် ဧပြီလ ၂၆ ရက် ပွဲစဉ်များအပြီး၌ မြန်မာတက်ဂ်ဘောအသင်းက ကြေးတံဆိပ်သုံးခုဆွတ်ခူးရရှိခဲ့သည်။

မြန်မာတက်ဂ်ဘောအသင်းသည် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုများဆွတ်ခူးရရှိထားခြင်းဖြစ်သည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အဖွင့်ပွဲ၌မြောက်ကိုရီးယားအသင်းကို နှစ်ပွဲပြတ်အရေးနိမ့်သော်လည်း ဖိလစ်ပိုင်အသင်းကို နှစ်ပွဲပြတ်၊ အိမ်ရှင်တရုတ်အသင်းကို နှစ်ပွဲပြတ်၊ အီရတ်အသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိကာ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ပွဲပြတ်၊ မြောက်ကိုရီးယားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်ပြီး မြန်မာနှင့် ကမ္ဘောဒီးယားအသင်းက ပူးတွဲကြေးတံဆိပ်ရရှိသည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ နိုင်နိုင်ဝင်းနှင့်ဆုမွန်အောင်တို့ ပါဝင်ယှဉ်ပြိုင်သည်။

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများတွင်မြန်မာအသင်းသည်ထိုင်းအသင်းကို နှစ်ပွဲပြတ်အရေးနိမ့်သော်လည်း ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲပြတ်အနိုင်ရကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် အိမ်ရှင်တရုတ်အသင်းကို ၂ပွဲ-၁ပွဲဖြင့် အနိုင်ရသော်လည်း ဆီမီးဖိုင်နယ်တွင် အီရတ်အသင်းကို ၂ပွဲ-၁ပွဲဖြင့် အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် လက်ဘနွန်အသင်းနှင့်အတူ ပူးတွဲကြေးတံဆိပ်ရခဲ့ပြီး စောဖရိုက်ဒေးနှင့် စည်သူထွန်းတို့ ပါဝင်ကစားခဲ့သည်။

အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ကိုကိုလွင်နှင့် ခင်နှင်းဝေတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုပွဲများတွင် လက်ဘနွန်အသင်းကို နှစ်ပွဲပြတ်၊ မွန်ဂိုလီးယားအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိကာ အုပ်စုပထမရရှိသည်။ ကွာတားဖိုင်နယ်တွင် ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်သော်လည်း ထိုင်းအသင်းကို နှစ်ပွဲပြတ်အရေးနိမ့်ခဲ့သဖြင့် ပူးတွဲကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။

အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက Teqball အားကစားနည်းတစ်မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာတက်ဂ်ဘောအသင်းက ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့သည်။ မြန်မာတက်ဂ်ဘောအသင်းသည် ၂၀၂၅ ခုနှစ် (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ ယခု (၆)ကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်သုံးခုဆွတ်ခူးရရှိခဲ့သည်။

**သတင်း- ကိုညီလေး၊ ဓာတ်ပုံ-MTF**

# သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တစ်သိန်းကျော်ဝင်ရောက်ခဲ့



ညောင်ဦး ဧပြီ ၂၆

သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် တစ်သိန်းကျော်ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) မှ သိရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း သင်္ကြန်ရုံးပိတ်ရက်ကာလ ဧပြီလ ၉ ရက်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်အများအပြား ဝင်ရောက်ခဲ့ကြပြီး အထင်ကရဘုရားများဖြစ်သည့် ရွှေစည်းခုံစေတီ၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ဓမ္မရာဇကဘုရား၊ မနုဟာဘုရား၊ မြစေတီ၊ ရွှေဆံတော်စေတီ၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိစေတီ၊ အာနန္ဒာဘုရား၊ အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ဗူးဘုရား၊ မဟာဗောဓိဘုရား၊ မဟာငှက်ပစ်တောင်ဘုရား၊ ပြဿဒါးကြီးဘုရား စသည့်ဘုရားများအပြင် တောင်ဂူနီဘုရား၊ မြောက်ဂူနီဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဘုရားသုံးဆူ၊ နရသီဟပတေ့ဘုရား၊ လေးမျက်နှာဆုတောင်းပြည့်ဘုရား၊ ဝိနည်းမိုရ်ဘုရား၊ ဝတ္တနထောဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ မင်္ဂလာစေတီ၊ ဆင်ဖြူရှင်ကျောင်းတိုက်၊ ရွှေနန်းရင်တောအုတ်ကျောင်းတိုက်အစုအဝေး၊ ပုံ့သကူမဟာထေရ်ဘုရားနှင့် ရှုခင်းကြည့်တောင်ကုန်းများပေါ်တွင် ခရီးသွားဧည့်သည်များပြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ညောင်ဦးမြို့ အနီးပတ်ဝန်းကျင်မြို့များမှ နေ့ချင်းပြန်ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားခဲ့ကာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ သင်္ကြန်ကာလဘုရားဖူးခရီးသွားဧည့်သည် တစ်သိန်းကျော်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

# ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်(၂၀၂၆)အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို ဧပြီလ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအခြေပြုကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆)အထိမ်းအမှတ် မျိုးဆက်တိုင်းကို ကာကွယ်ထား ကာကွယ်ဆေး၏စွမ်းပကား Documentary Story နှင့် တေးသီချင်းဗီဒီယိုတို့ကိုပြသသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ကာကွယ်ဆေးထိုးလုပ်ငန်း ထူးချွန်စွာဆောင်ရွက်ခဲ့သော စံပြမြို့နယ်ဖြစ်သည့် မင်္ဂလာဒုံမြို့နယ်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဂုဏ်ပြုဆုပေးအပ်သည်။



ယင်းနောက် လပြည့်ဝန်း ကလေးသူငယ်မိသားစုဖွံ့ဖြိုးတိုးတက်ရေးဂေဟာမှ ကလေးငယ်များက တို့ချစ်တဲ့ကမ္ဘာ သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီးက ကလေးငယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို ဧပြီလ ၂၅ ရက်က အမှတ်(၆၀) ရပ်ကွက်နှင့် အမှတ်(၉၀)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ဦးစီးမှူး ဦးအေးကျော်၏ ကြီးကြပ်မှုဖြင့် အမှတ်(၆၀)ရပ်ကွက်နှင့် အမှတ်(၉၀) ရပ်ကွက်အတွင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီးသူများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် UID အချက်အလက်ကောက်ယူခြင်းများကို ဆောင်ရွက်ပေးကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရုံးအနေဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက်ကောက်ယူခြင်းများကို သက်ဆိုင်ရာမြို့နယ်ရုံးများ၌ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့်လည်း သက်ဆိုင်ရာရပ်ကွက်များအလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

# ဒေးဒရဲမြို့နယ်၌ ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

ဒေးဒရဲ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် သားငါးဈေးကွက်၌ ငါးတန်ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူအောင်၏ ပြောပြချက်အရ သိရသည်။

ဒေးဒရဲမြို့နယ်မှထွက်ရှိသည့်ငါးတန်များကို ရန်ကုန်ဈေးကွက်မှ ဧပြီလဒုတိယပတ်မှစ၍ ဝယ်လိုအားကောင်းလာခြင်းဖြစ်ပြီး လက်ရှိတွင် တစ်ရက်လျှင် ပိဿာ ၄၅၀၀ မှ ၅၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

''ဒေးဒရဲမြို့နယ်ဘက်ကထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိဒေသတွင်းမှာ ငါးတန်တွေက အရင်ကထက် အထွက်နှုန်းနည်းနေပေမယ့် အရောင်းအဝယ်ကောင်းနေပါတယ်'' ဟု ဒေါ်သူအောင်ကပြောသည်။

ဒေးဒရဲမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေထွက်ငါးတန်များကို ဝယ်ယူပြီး ရောင်းတမ်းဝင်သည့်အနေအထားအထိ ပြန်လည်ထုတ်လုပ်ကာ ဖြန့်ဖြူးရောင်းချကြကြောင်း သိရသည်။

**သုတကျော်**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဖာပွန် ဧပြီ ၂၆

ကရင်ပြည်နယ် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၂၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၁၅ သိန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# အက်ဖ်အေဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ဖိုင်နယ်လုပွဲအဆင့်သို့ လေးကြိမ်ဆက်တက်ရောက်နိုင်သည့် ပထမဆုံးအသင်းအဖြစ် မန်စီးတီးအသင်းမှတ်တမ်းဝင်



လန်ဒန် ဧပြီ ၂၆

မန်စီးတီးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆောက်သမ်တန်အသင်းကို အနိုင်ရရှိကာ ဖိုင်နယ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် ဖိုင်နယ်လုပွဲအဆင့်သို့ လေးကြိမ်ဆက်တက်ရောက်နိုင်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ အယ်ဇက်က ပွဲချိန် ၇၉ မိနစ်တွင် ဆောက်သမ်တန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ဒိုကူက မန်စီးတီးအသင်းအတွက် ချေပဂိုးနှင့် ပွဲချိန် ၈၇ မိနစ်တွင် ဂွန်ဇာလက်က ဦးဆောင်ဂိုး သွင်းယူနိုင်သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မန်စီးတီးအသင်းက ၂ ဂိုး – ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ၂၀၂၃ခုနှစ်၊ ၂၀၂၄ ခုနှစ်၊ ၂၀၂၅ ခုနှစ်တို့တွင်လည်း ဖိုင်နယ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံပြီး ဖိုင်နယ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့သည့်အတွက် ဖိုင်နယ်လုပွဲအဆင့်သို့ လေးကြိမ်ဆက်တက်ရောက်နိုင်သည့် ပထမဆုံးအသင်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် သုံးကြိမ်တွင် ၂၀၂၃ ခုနှစ်က မန်ယူအသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကာ ၂၀၂၄ ခုနှစ်တွင် မန်ယူအသင်းကို ပြန်လည်ရှုံးနိမ့်ခဲ့သကဲ့သို့ ၂၀၂၅ ခုနှစ်ကလည်း ခရစ္စတယ်ပဲလေ့စ်အသင်းကိုရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုနှစ်မတိုင်မီ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဖိုင်နယ်လုပွဲအဆင့်သို့ ၁၄ ကြိမ် တက်ရောက်နိုင်ခဲ့ကာ ခုနစ်ကြိမ် ချန်ပီယံဆု ဆွတ်ခူးနိုင်ပြီး ခုနစ်ကြိမ် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

မန်စီးတီးအသင်းသည် ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း ကာရာဘောင်းဖလား ဆွတ်ခူးနိုင်သကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဖိုင်နယ်လုပွဲအဆင့်တက်ရောက်ထားပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆု ဆွတ်ခူးနိုင်ရန် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည့်အတွက် အင်္ဂလန်ပြည်တွင်းဖလားအားလုံးကို ဆွတ်ခူးနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

*Ref;Top Skills Sports UK*

## မန်စီးတီးအသင်းက အန်ဒါဆန်ကို ပေါင်သန်း ၁၀၀ ပေးချေပြီး ခေါ်ယူရန်ပြင်ဆင်

လန်ဒန် ဧပြီ ၂၆

မန်စီးတီးအသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် နော်တင်ဟမ်အသင်းမှ ကွင်းလယ်ကစားသမားအန်ဒါဆန်ကို နော်တင်ဟမ်အသင်းတောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးဖြစ်သည့် စတာလင်ပေါင် သန်း ၁၀၀ ပေးချေပြီး ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အန်ဒါဆန်သည် ပြီးခဲ့သည့်နှစ်ရာသီအတွင်း နော်တင်ဟမ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက ထိပ်တန်းအသင်းကြီးများကခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့သော်လည်း နော်တင်ဟမ်အသင်းက ပယ်ချခဲ့သည့်အတွက် အသင်းတွင် ဆက်လက်ကစားခဲ့ရခြင်းဖြစ်သည်။

သို့သော် အန်ဒါဆန်ကိုယ်တိုင်က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့်အတွက် နော်တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ အထိ သတ်မှတ်ထားခြင်းဖြစ်သည်။

အန်ဒါဆန်ကို မြို့ခံပြိုင်ဘက်အသင်းဖြစ်သည့် မန်ယူအသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် မန်စီးတီးအသင်းက ပေါင် သန်း ၁၀၀ ပေးချေရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

*Ref;Goal.com*

# ဘာလီဘာက နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းထံပြောင်းရွှေ့ခွင့်ပေးရန် ဘရိုက်တန်အသင်းထံတောင်းဆို

မန်ချက်စတာ ဧပြီ ၂၆

ဘရိုက်တန်အသင်းကွင်းလယ်ကစားသမား ဘာလီဘာက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းထံ ပြောင်းရွှေ့ခွင့်ပေးရန် အသင်းထံ တောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဘာလီဘာသည် ၂၀၂၃ ခုနှစ်က လိုင်လီအသင်းမှ ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ပြီးခဲ့သည့်နှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ဘာလီဘာကိုယ်တိုင်ကလည်း ပြောင်းရွှေ့ကစားလိုနေသည့်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့သော်လည်း ဘရိုက်တန်အသင်းက မန်ယူအသင်း၏ ကမ်းလှမ်းမှုကိုပယ်ချခဲ့သောကြောင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းတွင် ယခုဘောလုံးရာသီတွင် ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးသည် စာချုပ်သက်တမ်းကုန်ဆုံးကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည့်အတွက် အစားထိုးရန်ကစားသမားရှာဖွေမှုများလုပ်ဆောင်နေပြီး ဘာလီဘာကို ထပ်မံကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘာလီဘာကိုယ်တိုင်ကလည်း အစောပိုင်းကတည်းက မန်ယူအသင်းသို့ပြောင်းရွှေ့လိုနေပြီး လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ပြန်လည်ပါဝင်ကစားရန် နီးစပ်နေသည့်အတွက် ဘာလီဘာကိုယ်တိုင်က ပြောင်းရွှေ့လိုနေကြောင်း သိရသည်။

*Ref;Fabrizio Romano*




# စပါးအသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၅ ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း အဓိက ကစားသမားတချို့ ဒဏ်ရာရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်တချို့လက်လွှတ်ရဖွယ်ရှိနေ

လန်ဒန် ဧပြီ ၂၆

စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၄) အဖြစ်ကစားသည့် ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် ၁ ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၅ ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း အဓိက ကစားသမားတချို့ ဒဏ်ရာထပ်မံရရှိခဲ့သည့်အတွက် လာမည့်ပွဲစဉ်တချို့တွင် လက်လွှတ်ရမည်ဖြစ်သောကြောင့် ထိုးနှက်ချက်ဖြစ်လာခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က ကစားခဲ့သည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် ၁ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ၁၅ ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည်အထိရှုန်းကန်ခဲ့ရပြီး တန်းဆင်းဇုန်အတွင်း ကျရောက်လာခဲ့ကာ ရာသီအကုန်တွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

စပါးအသင်းသည် ဝုဗ်အသင်းကို အနိုင်ရရှိပြီး ၁၅ ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် အဓိကတိုက်စစ်ကစားသမားဆိုင်မွန်နှင့် ဆိုလန်ကီတို့ ဒဏ်ရာအသီးသီးရရှိခဲ့ကာ ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရပြီး ၎င်းတို့နှစ်ဦးစလုံးဒဏ်ရာမှာ ပြင်းထန်ဖွယ်ရှိသည့်အမှုအရာများရှိနေသောကြောင့် လာမည့်ပွဲစဉ်တချို့ကို လက်လွှတ်ရဖွယ်ရှိနေခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် အသင်းမှကစားသမားအများစု ဒဏ်ရာပြဿနာများနှင့်တွေ့ကြုံခဲ့ရပြီးနောက် ရလဒ်များပါမငြိမ်မသက်ဖြစ်ကာ ရုန်းကန်နေရပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ရမှတ် ၃၄ မှတ်ဖြင့် တန်းဆင်းဇုန်ဖြစ်သည့် အဆင့် (၁၈) နေရာ၌ ရပ်တည်နေကာ တန်းဆင်းဇုန်မှ လွတ်မြောက်ရန်အတွက် လက်ကျန်ပွဲစဉ်အားလုံး အနိုင်ရလဒ်ရရှိရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

*Ref;The Athletic*

# ငရုတ်သီးအစားများရင် အစာခြေလမ်းကြောင်းကင်ဆာ ဖြစ်နိုင်ခြေရှိ



ငရုတ်သီးအစားများတာဟာ အစာခြေလမ်းကြောင်းဆိုင်ရာ ကင်ဆာဖြစ်ပွားမှု၊ အထူးသဖြင့် အစာရေမျိုပြွန်ကင်ဆာ ဖြစ်နိုင်ခြေနဲ့ ဆက်စပ်နေတယ်လို့ သုတေသနအသစ်တစ်ခုကဖော်ပြလိုက်ပါတယ်။ သိပ္ပံပညာရှင်တွေဟာ လူ ၁၁၀၀၀ ကျော်ပါဝင်တဲ့ လေ့လာမှု ၁၄ ခုကို သေချာပြန်ဆန်းစစ်ခဲ့ကြတာပါ။ အဲ့ဒီလို ဆန်းစစ်ကြည့်တဲ့အခါ ငရုတ်သီးအစားများသူတွေဟာ ငရုတ်သီးအစားနည်းသူတွေထက် အစာခြေလမ်းကြောင်းကင်ဆာဖြစ်နိုင်ခြေ ၆၄ ရာခိုင်နှုန်းပိုများနေတာကို တွေ့ရှိခဲ့ရပါတယ်။

ဒီလေ့လာမှုအရ အစာရေမျိုပြွန်ကင်ဆာဖြစ်နိုင်ခြေဟာ သုံးဆနီးပါးအထိမြင့်တက်နေတာကိုတွေ့ရပေမယ့် အစာအိမ်နဲ့ အူမကြီးကင်ဆာတွေမှာတော့ သိသိသာသာဆက်စပ်မှုမျိုးမတွေ့ရသေးပါဘူး။ ငရုတ်သီးမှာပါတဲ့ Capsaicin ဆိုတဲ့ ဒြပ်ပေါင်းဟာ ရောင်ရမ်းတာကိုလျော့ကျစေနိုင်သလို တစ်ဖက်မှာလည်း ကင်ဆာကလာပ်စည်းအချို့ကို ကြီးထွားစေနိုင်တဲ့ သဘောမျိုးရှိပါတယ်။ အထူးသဖြင့် အာရှ၊ အာဖရိကနဲ့ မြောက်အမေရိကဒေသတွေမှာ ကင်ဆာဖြစ်နိုင်ခြေပိုများနေတာပါ။ ငရုတ်သီးစားလို့ ပူစပ်တဲ့ခံစားချက်နဲ့ ခဏခဏယားယံတာမျိုးဖြစ်တာက အစာရေမျိုပြွန်ကို ထိခိုက်လွယ်စေတာကြောင့်လို့ ပညာရှင်တွေက ယူဆကြပါတယ်။ ဒါပေမဲ့ ဒါဟာ လေ့လာစောင့်ကြည့်မှုအဆင့်ပဲရှိသေးတာမို့ ငရုတ်သီးက ကင်ဆာဖြစ်စေတယ်လို့ ယတိပြတ်ပြောဖို့ခက်နေပါသေးတယ်။ **Ref: STD**


**ကိုထက်**

# ပင်လယ်ရေဖျန်းကောင် စားသုံးပေးခြင်းက ခန္ဓာကိုယ်နဲ့ဦးနှောက်ကို ပြန်လည်နုပျိုစေနိုင်

ပင်လယ်ရေဖျန်းကောင် (Sea Squirts) မှာပါဝင်တဲ့ အာဟာရဒြပ်ပေါင်းတစ်မျိုးသည် ခန္ဓာကိုယ်နဲ့ ဦးနှောက်အိုမင်းမှုကို သိသိသာသာ လျော့ကျစေရုံသာမက ပြန်လည်နုပျိုလာစေနိုင်ကြောင်း သုတေသနအသစ်တစ်ခုက ဖော်ပြလိုက်ပါတယ်။ သိပ္ပံပညာရှင်တွေဟာ ပင်လယ်ရေဖျန်းကောင်တွေမှာ ပေါပေါများများပါဝင်တဲ့ Plasmalogens ဆိုတဲ့ ဒြပ်ပေါင်းကို အသက်ကြီးနေတဲ့ကြွက်မတွေမှာ နှစ်လကြာ စမ်းသပ်ကြည့်ခဲ့ကြတာပါ။

စမ်းသပ်မှုအပြီးမှာတော့ အဆိုပါကြွက်တွေဟာ မှတ်ဉာဏ်နဲ့ သင်ယူနိုင်စွမ်း သိသိသာသာတိုးတက်လာတဲ့အပြင် အမွေးအမှင်တွေကအစ ပိုမိုနက်မှောင်တောက်ပလာတာကို တွေ့ရှိခဲ့ရပါတယ်။ Plasmalogens ဒြပ်ပေါင်းဟာ လူ့ခန္ဓာကိုယ်ရဲ့ ဦးနှောက်၊ နှလုံးနဲ့ ကိုယ်ခံအားကလာပ်စည်းတွေမှာ သဘာဝအတိုင်းရှိနေတတ်ပေမယ့် အသက်ကြီးလာတဲ့အခါ တဖြည်းဖြည်းလျော့နည်းသွားလေ့ရှိပါတယ်။ သုတေသနပြုချက်အရ ဒီဒြပ်ပေါင်းကို ဖြည့်စွက်ကျွေးမွေးတဲ့အခါ ဦးနှောက်ထဲက အာရုံကြောဆက်သွယ်မှုကိုပြန်ကောင်းမွန်စေပြီး ကလာပ်စည်းအသစ်တွေဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးတာတွေ့ရပါတယ်။ ဒါ့အပြင် အသက်ကြီးတဲ့အခါဖြစ်တတ်တဲ့ ဦးနှောက်ရောင်ရမ်းမှုကိုလည်း လျော့ကျစေတာကြောင့် အယ်ဇိုင်းမားလိုရောဂါတွေကို ကာကွယ်နိုင်ဖို့အတွက် မျှော်လင့်ချက်တစ်ခုဖြစ်လာပါတယ်။ **Ref: STD**

**ကိုထက်**



# တရုတ်ရဲ့ J-35 ကိုယ်ပျောက်တိုက်လေယာဉ်ကို Blue Shark ဟု တရားဝင်အမည်ပေး

တရုတ်နိုင်ငံရဲ့ ဘက်စုံသုံးကိုယ်ပျောက်တိုက်လေယာဉ် J-35 ကို Blue Shark လို့ တရားဝင်နာမည်ပေးလိုက်ပါပြီ။ ဒါဟာ ဒီတိုက်လေယာဉ်ကို လက်တွေ့မြေပြင်မှာ အသုံးပြုဖို့နီးစပ်နေပြီဆိုတာကို ပြသနေတာလို့ ပညာရှင်တွေက ဆိုကြပါတယ်။ အမေရိကန်ရဲ့ F-35C နဲ့ အဆင့်အတန်းတူညီတဲ့ ဒီလေယာဉ်ဟာ ရေဒါမှာမပေါ်အောင်ဖျောက်ထားနိုင်စွမ်းရှိပြီး လေယာဉ်တင်သင်္ဘောပေါ်ကနေ ပျံတက်နိုင်အောင် အထူးဒီဇိုင်းထုတ်ထားတာပါ။



Shenyang ကုမ္ပဏီက အတည်ပြုလိုက်တဲ့ ဒီအမည်ပေးမှုဟာ တိုက်လေယာဉ်ကို ရှေ့ပြေးပုံစံအဆင့်မှ တပ်တော်ဝင်အသုံးပြုမယ့်အဆင့်သို့ ကူးပြောင်းနေပြီဆိုတာ ဖော်ပြနေတာလည်း ဖြစ်ပါတယ်။ Blue Shark ဟာ ထိုင်ခုံတစ်လုံးတပ် ဘက်စုံသုံးလေယာဉ်ဖြစ်တာကြောင့် ဗုံးကြဲတိုက်ခိုက်မှုတွေကိုပါလုပ်ဆောင်နိုင်ပါတယ်။ နေရာချွေတာဖို့အတွက် တောင်ပံတွေကို ခေါက်ထားလို့ရသလို လက်နက်တွေကို ကိုယ်ထည်ထဲမှာပဲ ဝှက်ပြီး သယ်ဆောင်နိုင်ပါတယ်။

တိုက်လေယာဉ်က အဆင့်မြင့်ဒုံးကျည်တွေတပ်ဆင်ပြီး ကီလိုမီတာ ၁၂၀၀ အထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပါတယ်။ လက်ရှိမှာ လေယာဉ်မှူးတွေလေ့ကျင့်ဖို့နဲ့ စနစ်တွေစမ်းသပ်ဖို့ အရေအတွက်အနည်းငယ်ပဲ ထုတ်လုပ်ထားသေးတာပါ။ **Ref: IE**

**ကိုထက်**

# အနိမ့်ပျံဂြိုဟ်တုနည်းပညာကို အင်အားကြီးနိုင်ငံတွေက အပြိုင်အဆိုင်ကြိုးပမ်းလာ



အနိမ့်ပျံဂြိုဟ်တုကွန်ရက်က အနာဂတ်ပဋိပက္ခတွေမှာ မဟာဗျူဟာမြောက်အသာစီးရဖို့အတွက် အရေးပါတဲ့လက်နက်တစ်ခုဖြစ်လာပါတယ်၊ ဒီဂြိုဟ်တုတွေဟာ မြေပြင်နဲ့နီးတာကြောင့် အချက်အလက်ပေးပို့မှုမှာ အလွန်မြန်ဆန်ပြီး အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်နိုင်စွမ်းရှိပါတယ်။ ဒါကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဒီနည်းပညာအတွက်အပြိုင်အဆိုင်ကြိုးပမ်းလာတာပါ။

အနိမ့်ပျံဂြိုဟ်တုတွေရဲ့ ထူးခြားချက်ကတော့ ဂြိုဟ်တုအစင်းပေါင်းထောင်နဲ့ချီပြီး ချိတ်ဆက်ထားတာကြောင့် ဂြိုဟ်တုတစ်စင်းနှစ်စင်းလောက်ကို ဖျက်ဆီးလိုက်ရုံနဲ့ ကွန်ရက်တစ်ခုလုံးကို ရပ်တန့်သွားအောင်လုပ်ဖို့မလွယ်ကူတာပဲဖြစ်ပါတယ်။ ဒါဟာ အာကာသစစ်ပွဲရဲ့ နည်းဗျူဟာဟောင်းကို ပြောင်းလဲပစ်လိုက်တာပါ။

အရင်တုန်းကတော့ တန်ဖိုးကြီးဂြိုဟ်တုအနည်းငယ်ကို ပစ်မှတ်ထားခဲ့ကြပေမယ့် အခုတော့ အရေအတွက် များပြားလှတဲ့ ဂြိုဟ်တုအစုအဝေးတွေကို ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။ ဒီဂြိုဟ်တုကွန်ရက်တွေဟာ ရက်ပိုင်းအတွင်းမှာတင် နိုင်ငံတစ်နိုင်ငံရဲ့ ဆက်သွယ်ရေးအခြေအနေကို ပြောင်းလဲနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# တစ်ခါအားသွင်းရင် ၅၉၀ မိုင်အထိ မောင်းနိုင်တဲ့ BYD ရဲ့ Great Tang စတင်ရောင်းချ

BYD ကုမ္ပဏီက သူတို့ရဲ့နည်းပညာအမြင့်ဆုံး SUV အမျိုးအစားတစ်မျိုးဖြစ်တဲ့ Great Tang EV ကို ပေကျင်းကားပြပွဲမှာ စတင်မိတ်ဆက်ပြီး ရောင်းချပေးနေပါပြီ။ ဒီကားဟာ BYD ရဲ့ ဒုတိယမျိုးဆက် Blade ဘက်ထရီကို ပထမဆုံးသုံးထားတာဖြစ်ပြီး အားသွင်းရတာပိုမြန်သလို စွမ်းဆောင်ရည်လည်း ပိုကောင်းလာပါတယ်။ အားအပြည့်သွင်းထားရင်မိုင် ၅၉၀ အထိ ခရီးဝေးမောင်းနိုင်သလို အရှိန်တင်တဲ့နေရာမှာလည်း ၃ ဒသမ ၉ စက္ကန့်အတွင်းမှာတင် တစ်နာရီမိုင် ၆၀ နှုန်းအထိရောက်အောင် မောင်းနှင်နိုင်ပါတယ်။



နည်းပညာပိုင်းမှာဆိုရင် ဘီးလေးဘီးစလုံးလှည့်ပြီး ဘေးတိုက်ရွှေ့လို့ရတဲ့ Crab Walk စနစ်ပါဝင်တာကြောင့် ကားပါကင်ထိုးရတာနဲ့ ကျဉ်းတဲ့နေရာတွေမှာ မောင်းရတာ ပိုလွယ်ကူသွားမှာပါ။ ကားထဲမှာဆိုရင်လည်း အဆင့်မြင့်ကွန်ပျူတာချစ်တွေ၊ စပီကာ ၂၇ လုံးပါတဲ့ Devialet အသံစနစ်နဲ့ ကောင်းကင်ကိုကြည့်လို့ရမယ့် Sky Mirror အမိုးပွင့်မှန်ချပ်တွေ တပ်ဆင်ထားပါတယ်။

BYD အနေနဲ့ EV အပြင် ဆီနဲ့လျှပ်စစ်တွဲသုံးတဲ့ Hybrid အမျိုးအစားတွေကိုလည်း ရွေးချယ်နိုင်အောင် ထုတ်လုပ်ထားပြီး လူအများစုလက်လှမ်းမီတဲ့ ဈေးနဲ့ရောင်းချဖို့ ရည်မှန်းထားတယ်လို့ ကုမ္ပဏီရဲ့ထုတ်ပြန်ချက်တွေအရသိရပါတယ်။ **Ref: IE**

**ကိုထက်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ဆေးသုတေသနဦးစီးဌာန
# အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ (က) ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ

(၁) ရန်ကုန်ရုံးချုပ်ရှိ လူမှုဆေးသုတေသနအဆောက်အဦပြုပြင်ခြင်း၊ လက်ယာဘက်နှင့် အနောက်ဘက်ရှိ Parapet များ ပြုပြင်မွမ်းမံခြင်း၊ အပြင်ဘက်အုတ်နံရံများဆေးသုတ်ခြင်း၊ အတွင်းအခန်းများ၊ ကော်ရတာများပြုပြင်ခြင်းဆေးသုတ်ခြင်း

(၂) ရန်ကုန်ရုံးချုပ်ရှိ ဇီဝဆေးသုတေသနအဆောက်အဦအပြင်ဘက်ဆေးသုတ်ခြင်းလုပ်ငန်း

(၃) ရန်ကုန်ရုံးချုပ်ရှိ လက်တွေ့ဆေးသုတေသနအဆောက်အဦ သံပန်းနှင့်ပြတင်းတံခါးများ ဆီဆေးသုတ်ခြင်း၊ အဆောက်အဦပြင်ပနံရံများရေဆေးသုတ်ခြင်း

(၄) ရန်ကုန်ရုံးချုပ်ရှိဗဟိုဇီဝဆေးပညာစာကြည့်တိုက်အဆောက်အဦပြုပြင်ခြင်း၊ အပြင်ဘက် အုတ်နံရံများဆေးသုတ်ခြင်း၊ မျက်နှာကြက်ပြုပြင်ခြင်း

(၅) ရန်ကုန်ရုံးချုပ်၊ ရုံးဝင်းအတွင်းရှိ ညွှန်ကြားရေးမှူးချုပ်နေအိမ်အကြီးစားပြုပြင်မွမ်းမံခြင်း၊ အမိုးအသစ်မိုးခြင်း၊ ဆေးသုတ်ခြင်း၊ ရေတံလျှောက်လဲလှယ်ပြုပြင်ခြင်း၊ မျက်နှာကြက် ပြုပြင်ခြင်း၊ ရေဆင်းပိုက်တပ်ဆင်ခြင်း၊ အခန်းပြုပြင်ခြင်း၊ အရေးပေါ်လှေကားပြုပြင်ခြင်း၊ လျှပ်စစ်မီးလိုင်းများပြုပြင်ခြင်း၊ ရေချိုးခန်းအိမ်သာပြုပြင်ခြင်း

(၆) ရန်ကုန်ရုံးချုပ်ရှိ ပင်မလုံခြုံရေးဂိတ်နှင့် ခြံစည်းရိုးပြုပြင်မွမ်းမံခြင်း၊ ဂိတ်အမိုးနှင့် မျက်နှာကြက်ပြုပြင်ခြင်း၊ ခြံစည်းရိုးပြုပြင်ခြင်း၊ ဆေးသုတ်ခြင်း

(ခ) အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် စာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၉-၅၁၃၆၇၀၂ နှင့် ၀၉-၅၀၄၆၃၅၉ သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

| | | | |
|---|---|---|---|
| (က) | စတင်ရောင်းချမည့်ရက် | - | ၈-၅-၂၀၂၆(သောကြာနေ့)၊ နံနက်(၁၀:၃၀)နာရီ |
| (ခ) | အိတ်ဖွင့်တင်ဒါပိတ်ရက် | - | ၂၁-၅-၂၀၂၆(ကြာသပတေးနေ့)၊ မွန်းလွဲ(၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - | ၂၆-၅-၂၀၂၆(အင်္ဂါနေ့)၊ နံနက်(၉:၃၀)နာရီ |
| (ဃ) | ရောင်းချမည့်နေရာ | - | ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ဆေးသုတေသနဦးစီးဌာန
# အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် သုတေသနဓာတ်ခွဲခန်းသုံးစက်နှင့်စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာ ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့် တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅) ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၉-၅၁၃၆၇၀၂ နှင့် ၀၉-၈၈၁၁၂၀၅ နှင့် ၀၉-၂၆၉၄၄၇၄၁၇ သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

| | | |
|---|---|---|
| (က) | စတင်ရောင်းချမည့်ရက် | - ၈-၅-၂၀၂၆(သောကြာနေ့)၊ နံနက်(၁၀:၃၀)နာရီ |
| (ခ) | အိတ်ဖွင့်တင်ဒါပိတ်ရက် | - ၂၁-၅-၂၀၂၆(ကြာသပတေးနေ့)၊ မွန်းလွဲ(၁၂:၀၀)နာရီ |
| (ဂ) | အိတ်ဖွင့်တင်ဒါဖွင့်ရက် | - ၂၆-၅-၂၀၂၆(အင်္ဂါနေ့)၊ နံနက်(၉:၃၀)နာရီ |
| (ဃ) | ရောင်းချမည့်နေရာ | - ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.ထ.က(၂)ငါးဆင့်ကျောင်း၊ ကျောင်းဝင်အမှတ် ၁၅၈၉ Grade-7 ဖြေဆိုဆဲ မောင်ဇော်ဝေပိုင်၏ဖခင် ဦးဆန်းအောင်၏အမည်မှန်မှာ ဦးစန်းအောင် ၈/တတက(နိုင်)၁၅၈၈၉၄ ဖြစ်ပါကြောင်း။

**ဦးစန်းအောင်**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့ အ.လ.က(ခွဲ)ငါးကြီးကွေ့မှ Grade-7 ဖြေဆိုထားသော မောင်သော်ဇင်ထူး၏ဖခင် အမည်မှန်မှာ ဦးဇော်မင်းနိုင် ၇/ရတရ(နိုင်) ၀၉၃၅၈၇ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းနိုင်**

### ပျောက်ဆုံးကြောင်း
မခင်မေသူ(ဘ)ဦးသန့်ဇင် ၁၂/တမန(နိုင်) ၁၁၇၆၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မသီတာဦး(ဘ)ဦးကျော်သန်း ၁၀/သထန (နိုင်)၂၄၈၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၇၂၆၀၂၆

### ပျောက်ဆုံးကြောင်း
မင်းဝင်းစိုး(ဘ)ဦးနိုင်သစ် ၁၀/ကမရ(နိုင်) ၁၅၀၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၉၁၅၄၆၃၉

### ပျောက်ဆုံးကြောင်း
ထင်လင်းအောင်(ဘ)ဦးကျော်ငွေအောင်၁၀/ သဖရ(နိုင်)၁၅၈၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၅၀၇၅၉၉၇၁

### ပျောက်ဆုံးကြောင်း
မကြယ်စင်ခ(ဘ)ဦးကျော်ဇင်ဦး၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကြည်ကြည်လွင်(ဘ)ဦးမြတ်ထွန်း ၁၀/မဒန (နိုင်)၀၄၉၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၃၆၅၂၅၅

### မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံကျေးရွာ၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၆၈)နေ ဦးဇေမိုး (ခ)ကျော်ကျော်လတ် ၁၂/ကမတ(နိုင်)၀၅၁၄၇၂ ၏မွေးသက္ကရာဇ်မှာ (၂၂-၄-၁၉၇၈)ဖြစ်ပြီး ဦးဇေမိုး(ခ)ကျော်ကျော်လတ်သည် တစ်ဦး တည်းဖြစ်ပါကြောင်း။

**ဦးဇေမိုး(ခ)ကျော်ကျော်လတ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် အနောက်ပိုင်း အ.ထ.က(၃) Grade-8 တွင် ပညာသင်ကြားနေသော အဘ ဦးဇော်လင်း ထွန်း ၁၁/ဂမန(နိုင်)၀၃၈၉၅၆ ၏သား ကျောင်းဝင်အမှတ် ၃၆၂ မောင်ဖြိုးဆက်သူနှင့် မောင်ကောင်းဆက်သူမှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**မောင်ဖြိုးဆက်သူ(ခ)မောင်ကောင်းဆက်သူ**

### ပျောက်ဆုံးကြောင်း
ကိုရီငွေး(ဘ)ဦးစံရီ ၁၀/ရမန(နိုင်)၀၁၅၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၁၇၉၄

### ပျောက်ဆုံးကြောင်း
တင်တင်မိုး(ဘ)ဦးအောင်သိန်း ၁၀/ရမန(နိုင်) ၀၂၄၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၃၈၅၃၅၉

### ပျောက်ဆုံးကြောင်း
စိုးထက်ကို(ဘ)ဦးကိုရီငွေး ၁၀/ရမန(နိုင်) ၁၇၅၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၃၈၇၂၁

### ပျောက်ဆုံးကြောင်း
ဦးတာဂုမား(ဘ)ဦးဒေရာရာချောင် ၁၂/ ဒလန(နိုင်)၀၈၉၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သင်းသင်းထွန်း(ဘ)ဦးထွန်းထွန်း ၇/တငန (နိုင်)၀၉၈၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇွန်မိုးဆွေ(ဘ)ဦးတင့်လွင်ဦး ၁၂/လကန (နိုင်)၂၆၁၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MF 591712)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စုစုဝင်း(ဘ)ဦးတိုးဝင်း ၉/မခန(နိုင်)၃၀၁၅၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ 354124)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
မင်းမင်းလတ်(ဘ)ဦးသန်းထွန်း ၉/တသန (နိုင်)၁၃၈၅၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(M 257186)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ထွန်းမြင့်(ဘ)ဦးစံဖူချန် ၁/ဟပန(နိုင်) ၀၁၆၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 299801)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
တင်အောင်ဖြိုး(ဘ)ဦးအောင်သင်း ၈/မကန (နိုင်)၂၇၇၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 253449)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ကျော်စွာဝင်း(ဘ)ဦးအောင်သင်း ၈/မကန (နိုင်)၂၀၃၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 253435)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
နိုင်မိုး(ဘ)ဦးဘိုငွေး ၉/ရမသ(နိုင်)၁၁၂၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



**တေဇ** ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍ များပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန် အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့် စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာ စေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် မတ်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

၃၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**မိုးသောက်ပန်း** ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းဇေနိမင်းနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်မင်းသိမ်း(သရက်)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ လက်ပံနီ၊ ဘအုန်း-ပုသိမ်၊ ငွေးကြည်(စလင်း)နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၇-၄-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၃၀)၊ အမှတ်(၁၄)ထွက်ပြီ။



စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ



ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ISO 9001:2008 Cert. No.683099
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
Kha Yae Pin Mart
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၃၀၈၆၀၁၈၀
NAN MYAING
Lemon Tea
RHINO




အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့




ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် -နေပြည်တော် -တောင်ကြီး -မုံရွာ -မန္တလေး -ပြင်ဦးလွင် -ကျောက်ပန်းတောင်း -ချောက် -ဆိပ်ဖြူ -ပုဂံ(ညောင်ဦး) -ပခုက္ကူ
မကွေး -မိတ္ထီလာ -မြင်းခြံ -ပုသိမ် -မော်လမြိုင် -သံဖြူဇရပ် -ကျိုက္ခမီ -တောင်ငူ -ဆွာ -ရေနီ -ပဲခူး -ညောင်လေးပင် -ဘားအံ -မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျှက်ရှိပါသည်။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့်နေ့အပူချိန်များ

၂၆-၄-၂၀၂၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| မင်းဘူး | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | | ကျော့ကရိတ် | ၄၀ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| ဓောင်းတူ | ၄၁ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် | | ရွှေကျင် | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယက် | | အောင်လံ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် | | ထားဝယ် | ၃၉ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | | ညောင်လေးပင် | ၃၉ ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် **စာမျက်နှာ ၁၅ ကော်လံ ၁ ⊃**



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား ယူ-၁၈ ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသား ယူ-၁၈ ဘောလုံးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေလ ၁၉ ရက်မှ ဇွန်လ ၃ ရက်အထိ အုပ်စုလေးစုခွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အုပ်စု(က)တွင် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အုပ်စု(ခ)တွင် ပဲခူးတိုင်းဒေသကြီးအသင်း၊ နေပြည်တော်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ အုပ်စု(ဂ)တွင် ရှမ်းပြည်နယ်အသင်း၊ ကယားပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ အုပ်စု(ဃ) တွင် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ပါဝင်ကြသည်။

အုပ်စု(က)ပွဲစဉ်များကို ကရင်ပြည်နယ်က အိမ်ရှင်အဖြစ် ဘားအံမြို့တွင်လည်းကောင်း၊ အုပ်စု(ခ)ပွဲစဉ်များကို ပဲခူးတိုင်းဒေသကြီးက အိမ်ရှင်အဖြစ်ပဲခူးမြို့တွင်လည်းကောင်း၊ **စာမျက်နှာ ၂၅ ကော်လံ ၁ ❒**

## အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘောအသင်း ကြေးတံဆိပ် သုံးခုရရှိ

စာ - ၂၆ သို့




## မိသားစုလိုက်ကင်းမွန်မျှားခြင်းဖြင့် ပင်လယ်ပျော်ဆလုံတို့ အဆင်ပြေလျက်ရှိ

စာ - ၁၁ သို့

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

**စပိန်လာလီဂါ**

| | | |
|---|---|---|
| အက်သလက်တီကို | ၃ - ၂ | အက်သလက်တစ် |
| ဗယ်လက်ကာနို | ၃ - ၃ | ဆိုစီဒက် |
| အိုဗီဒို | ၁ - ၂ | အယ်ချီ |

**အီတလီစီးရီးအေ**

| | | |
|---|---|---|
| ဗီရိုနာ | ၀ - ၀ | လက်ချီ |
| ဖီအိုရင်တီးနား | ၀ - ၀ | ဆက်ဆူအိုလို |
| ဂျီနိုအာ | ၀ - ၂ | ကိုမို |

**ပြင်သစ်လီဂူးဝမ်း**

| | | |
|---|---|---|
| တူးလော့ | ၂ - ၂ | မိုနာကို |
| လောရင့် | ၂ - ၃ | စထရာဘော့ |
| ပဲရစ် | ၀ - ၁ | လိုင်လီ |
| ရန်းနက် | ၂ - ၁ | နန့်တက် |

